# ကလေးသူငယ်များအတွက် ဘုရားသခင်၏ စာရိတ္တတော်အကြောင်း လမ်းညွှန်

Kevin J. Mullins



# ကလေးသူငယ်များအတွက်

# ဘုရားသခင်၏ စာရိတ္တတော်အကြောင်း လမ်းညွှန်

**Kevin J. Mullins**

fatheroflove.info

www.maranathamedia-myanmar.com

မာတိကာ

အုပ်ထိန်းသူများ၊ မိဘများအတွက် စကားချီး....................................................4

ယေရှုဆိုရင် သူဘယ်လို တုန့်ပြန်မလဲ ..........................................................................6

ရန်သူများကို ချစ်ပါ..........................................................................................................8

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏.................................................. 18

ရေကြီးခြင်းနှင့် ဘုရားသခင်၏ စာရိတ္တတော်......................................................... 28

အီဂျစ်ပြည်က ကပ်ဘေးဆယ်ပါးနှင့် ဘုရားသခင်၏ စာရိတ္တတော်........................ 56

မီးမြွေများနှင့် ဘုရားသခင်၏ စာရိတ္တတော် ............................................................. 65



Kevin J. Mullins သည် ယေရှုအသက်တာထဲတွင် ထင်ရှားဖော်ပြထားခဲ့သော သမ္မာကျမ်းစာ၏ အမှန်တရားများကို စိတ်အားထက်သန်စွာ ချစ်မြတ်နိုးသူတစ်ဦးဖြစ်ပါသည်။ သူသည် ကလေးသူငယ်များကို ချစ်ပြီး၊ သူတို့အောင်မြင်သည်ကို တွေ့မြင်လိုသော သာမန် အရပ်သားတစ်ဦးဖြစ်သည်။ သူ့ရည်ရွယ်ချက်မှာ ဘုရားသခင်၏ မြင့်မြတ်သော အကျင့်စာရိတ္တတော်ကို သက်သေထူပြီး၊ ရန်သူ၏ လှည့်ဖြားလိမ်လည်မှုများကို ဖယ်ရှားပစ်လိုသူဖြစ်သည်။

Kevin သည် အမေရိကန်၊ မိန်းတွင် နေထိုင်ပြီး အိုင်းဇက် ဟာလ်လေနှင့် ခြောက်နှစ်သားအရွယ် အီလီယာနာ သားသမီးသုံးဦးရှိသည်။

## အုပ်ထိန်းသူများ၊ မိဘများအတွက် စကားချီး

ဘုရားသခင်ရဲ့အကျင့်စာရိတ္တတော်နှင့် ပတ်သက်လို့ အများက ဘာကြောင့် နားမလည်တတ်ကြတာလဲ ဆိုတဲ့ပြဿနာဟာ ကျမ်းစာကို ကျွန်တော်တို့ မှန်မှန်ကန်ကန် ဘယ်လိုဖတ်ရမလဲ၊ မှန်မှန်ကန်ကန် ဘယ်လိုလေ့လာရမဆိုတဲ့ အချက်ကို ကျွန်တော်တို့ ဘယ်လိုနားလည်ကြသလဲနှင့် ဆိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သမ္မာကျမ်းစာက လုံးစေ့ပတ်စေ့ ဖတ်ဖို့လား။ ဟုတ်ပါတယ်။ ဒါပေမယ့် မှတ်ထားရမှာက ကျွန်တော်တို့ ကျမ်းတစ်အုပ်လုံးကို ခြုံငုံပြီး ဆင်ခြင်တတ်ဖို့လိုပါတယ်။ ကျမ်းပိုဒ်တစ်ခုတည်းနဲ့ အနက်ဖွင့် အတည်ယူဖို့မဟုတ်ပါဘူး။ကျမ်းပိုဒ်တစ်ခုက အကြောင်းတစ်စုံတစ်ရာနဲ့ပတ်သက်ပြီး တစ်နည်းနဲ့ ဖော်ပြပြီး၊ အခြားတစ်ပိုဒ်က တူညီတဲ့အကြောင်းအရာကိုပဲ အနည်းငယ် မတူခြားနားတဲ့ စကားလုံးတွေနဲ့ ဖော်ပြနိုင်ပါတယ်။ အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး ကျမ်းစာတစ်အုပ်လုံးထဲက နေရာတော်တော်များများကနေ စုစည်း၊ နှိုင်းယှဉ်ပြနိုင်တဲ့အခါမှသာ ကျွန်တော်တို့မှာ အမှန်တရားရှိတယ်ဆိုတာ သိလို့ရမှာဲဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ကလေးသူငယ်များကို ကျမ်းစာ ဖတ်တတ်၊လေ့လာတတ်ဖို့ သင်ကြားခြင်းဟာ အဓိကအရေးကြီးပါတယ်။ ကလေးသူငယ်အများဟာ ဘုရားသခင်အကြောင်းကို ဖတ်ရင်းကနေဖြစ်စေ သူများပြောရာကနေဖြစ်စေ ရောယှက်နေသော သတင်းစကားများနှင့် ကြီးပြင်းလာကြပါတယ်။ နောက်ပိုင်း အသက်ရလာတဲ့အခါ ဘုရားသခင်ဟာ သူ့စကားနားမထောင်သော ကုဋ္ဌေပေါင်းများစွာသော လူများကို လက်စားချေ သတ်ဖြတ်လိုသော အာဏာရှင်အဖြစ် ထင်မှတ်စေနိုင်သော ကျမ်းစာထဲက ပုံပြင်များကို

စတင်ဖတ်ရှုလာကြပါတယ်။ ဒီအရာက သူတို့ကို ဘုရားမဲ့၊ တရားမဲ့ မယုံကြည်မှုများအဖြစ်သို့ ဦးတည်စေနိုင်ပါတယ်။

ဒီကိစ္စနှင့် ပတ်သက်လို့ ကမ္ဘာတစ်ဝှမ်းအတိုင်းတာနဲ့ ကြီးမားတဲ့ လှုပ်ရှားမှုတွေ ဖြစ်ပျက်နေပါတယ်။ ခရစ်တော်ပြန်မလာခင် ဒီကိစ္စကို ရှင်းလင်းစေနိုင်ဖို့ ဖြစ်ပါတယ်။ လူအများဟာ ဘုရားသခင်၏ စစ်မှန်သော အကျင့်စာရိတ္တနှင့် ပတ်သက်၍ ပိုမိုမှန်ကန်သော နားလည်ခြင်းဆီကို ဦးတည်နေကြပါပြီ။ အကျိုးဆက်အနေနဲ့ ဒီအံ့ဖွယ်သော အမှန်တရားကို ကျွန်တော်တို့ရဲ့ ကလေးသူငယ်များအတွက် ရှင်းပြ၊ ရေးသားကြဖို့ အလွန်လိုအပ်လာပါတယ်။ ဒီစာအုပ်ဟာ ကလေးသူငယ်များအတွက် ရည်ရွယ်ထုတ်ဝေရခြင်းဖြစ်ပါတယ်။ သင့် ကလေးအကြီးပိုင်းများသာမက၊ (အုပ်ထိန်းသူ၊ မိဘ)သင်နှင့် သင့်ကလေးငယ်များသည်လည်း ဖတ်ရှုခြင်းဖြင့် ကောင်းချီးဖြစ်စေဖို့ ကျွန်တော် စေတနာရှိရှိ ဆုတောင်းပါတယ်။ အကယ်၍ ဤအကြောင်းအရာများကို သင်ကိုယ်တိုင် ပိုမိုနက်နဲစွာ သိရှိလိုပါက ကျွန်တော်တို့ ဝပ်တ်ဆိုက် fatheroflove.info သို့လာရောက်လေ့လာနိုင်ပါသည်။

ဒီစာအုပ်ငယ်သည် သင့်ကလေးများကို နက်ရှိုင်းစွာ ဂရုစိုက်တော်မူသော၊ ကြီးမြတ်သော ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းတော်မူသော သူတို့ကောင်းကင် အဖနှင့် နက်နဲသော ချစ်ခြင်းမေတ္တာ၌ အမြစ်တွယ်စေနိုင်ရန် ကျွန်တော်ဆုတောင်းပါသည်။

Kevin J. Mullins

## ယေရှုဆိုရင် သူဘယ်လို တုန့်ပြန်မလဲ



ယေရှုရဲ့အကျင့်စာရိတ္တအကြောင်း
ဖတ်တဲ့အခါ ကလေးတို့ရဲ့စိတ်ထဲမှာ
ဘယ်လိုစကားလုံးတွေ ထွက်လာတတ်လဲ။
သနားကြင်နာခြင်း။ ချစ်ခြင်း။
နူးညံ့သိမ်မွေ့ခြင်း။ ခွင့်လွှတ်ခြင်း။
ဒါမှမဟုတ် ဂရုစိုက်ခြင်း ဖြစ်မလား။
ဘာတွေဖြစ်မလဲ။

အခု ကျွန်တော်တို့ရဲ့ကောင်းကင်မှာရှိတဲ့ အဖဘုရားသခင်ကို ဖော်ပြတဲ့ စကားလုံးတစ်ချို့ကို စဉ်းစားကြည့်။ သားတို့၊ သမီးတို့ စိတ်ထဲကထွက်လာတဲ့ စကားလုံးတွေ အတူတူပဲလား။ ဒါမှမဟုတ် ဘုရားသခင်က သူ့သားတော် ယေရှုနဲ့ မတူကွဲပြားစွာ ပြုမူတတ်တဲ့သူတစ်ယောက်လို့ ထင်ကြလား။

တစ်နေ့တော့ ယေရှုရဲ့သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ဖိလစ်က ခမည်းတော်ဘုရား ဘယ်လို ပြုမူတတ်လဲဆိုတာ ပြပါလို့ ယေရှုကို ခွင့်တောင်းခဲ့တယ်။ ယေရှုက ဒီလိုပြန်ဖြေတယ်။

*"ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။* ***ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏။*** *သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ဆိုရသနည်း။" ရှင်ယောဟန် ၁၄: ၉*




ဒီစကားက ယေရှုကျွန်တော်တို့ကို ပြောပြတဲ့ အလွန်အရေးကြီးတဲ့ အမှန်တရားဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ခမည်းတော်ဘုရားရဲ့အပြုမူက ယေရှုရဲ့ အပြုမူနဲ့ ခြားနားမှု တစ်ခုမှ မရှိပါဘူး။ တကယ်တော့ ဒီလို သူတို့အပြုမူတွေဟာ တူညီလို့ ယေရှု ဤလောကကို ဆင်းကြွခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ခမည်းတော်ဘုရား ဘယ်လိုပြုမူတတ်တယ်ဆိုတာကို တိတိကျကျ ပြသဖို့ ယေရှုကြွလာခဲ့တာဖြစ်ပါတယ်။ တစ်ည ယေရှု ဆုတောင်းနေတုန်းမှာ ဒီလိုတောင်းခဲ့တယ်။

> *"အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို* ***ဘုန်းထင်ရှားစေပါပြီ***။ *အကျွန်ုပ်ဆောင်ရွက်စရာအဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။" ရှင်ယောဟန် ၁၇: ၄*

သူ့ခမည်းတော်၏ ဘုန်းတော်ထင်ရှားစေသည် ဟုဆိုရာတွင် ယေရှုက ဘာကိုဆိုလိုပါသလဲ။ ခမည်းတော် မည်သို့ ပြုမူသည်ကို ကျွန်တော်တို့အား ပြသသည်ဟု ဆိုလိုပါသည်။ ယေရှုက လုပ်လေရာကိုင်လေရာ၊ အပြောအဆိုအားလုံးတွင် သူ့ခမည်းတော်၏ ဘုန်းကိုထင်ရှာစေခဲ့ပါသည်။

လူအများက ယေရှု ဘာအလုပ်တွေ လုပ်လေ့ရှိမလဲဟု မေးတတ်ကြသည်။ အလွန်အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်မည့်အခါ ယေရှုဆိုရင် သူဘယ်လို လုပ်ကိုင်တွယ်ဖြေရှင်းမလဲဟု လူများက မေးခွန်းထုတ်တတ်ကြသည်။

တကယ်လို့ တစ်ယောက်ယောက်က ကလေးတို့အပေါ် သိပ်ပြီးကြင်ကြင်နာနာ မဆက်ဆံဘူးဆိုရင် ကလေးတို့ ဘယ်လို လုပ်ကြမလဲ။ ဟုတ်ပြီ…အဲဒီလိုပဲ လူတွေကလည်း ယေရှုဆိုရင် သူဘယ်လို တုန့်ပြန်ပါလိမ့် ဆိုပြီး မေးခွန်းမေးတတ်ကြတယ်။

တစ်ယောက်ယောက်က သူအပေါ် ကြင်ကြင်နာနာမဆက်ဆံတဲ့အခါ ယေရှုက ဘယ်လို တုန့်ပြန်မယ်လို့ထင်လဲ။ အဲဒီလူကို နာကျင်အောင် ယေရှုလုပ်မယ်လို့ ထင်မိလား။ ယေရှုက မောက်မာတဲ့စကားတွေနဲ့ ပြန်တုန့်ပြန်လို့ရော ထင်မိလား။ သူတို့ကို ပြန်တိုက်ခိုက်မယ်လို့ရော ထင်လား။ ကလေးတို့ သိကြမလားတော့မသိဘူး။ လူတွေ ယေရှုအပေါ် မကြင်နာကြတဲ့အချိန် တော်တော်များများရှိခဲ့တယ်။ “ယေရှုဆိုရင် သူဘယ်လို တုန့်ပြန်မလဲ”ဆိုတဲ့ ကျွန်တော်တို့ မေးခွန်းရဲ့ အဖြေကို ရှာတွေ့နိုင်ဖို့ ဒီလိုပုံပြင်တွေကို ပြန်ကြည့်ဖို့လိုမယ်ထင်တယ်။

## ရန်သူများကို ချစ်ပါ

ယေရှုသွန်သင်တဲ့ တရားတွေကို မနှစ်သက်တဲ့ ဘာသာရေးခေါင်းဆောင်တွေ အများကြီးရှိခဲ့တယ်။ ဘုရင်းသခင်အကြောင်း၊ ဘုရားသခင်ရဲ့ အကျင့်စာရိတ္တအကြောင်းတွေနဲ့ ပတ်သက်ပြီး မေးခွန်းတွေရှိလာတဲ့အခါ အဖြေမှန်ရဖို့အတွက် လူတွေက ယေရှုဆီမှာဘဲ သွားတတ်ကြတယ်။ ဒါကို ဘာသာရေးခေါင်းဆောင်တွေက သဘောမကျကြဘူး။ စိတ်ဆိုးကြတယ်။ အဲဒီခေါင်းဆောင်တွေက အဖြေတစ်ခုခုလိုတဲ့အခါ သူတို့ဆီမှာပဲ လူတွေလာကြဖို့

လိုချင်ကြတယ်။ သူတို့ ယေရှုကို ပယ်ရှားပစ်ချင်လာကြတယ်။ ဒီလိုနဲ့ ယေရှုကို ဖမ်းဆီးဖို့ အစီစဉ်တစ်ခုရေးဆွဲ ကြတော့တာပေါ့။



ယေရှု သူ့အချစ်ဆုံး သူငယ်ချင်းတွေနဲ့ ရှိနေတဲ့ ညတစ်ညမှာ အဲဒီခေါင်းဆောင်တစ်ချို့နဲ့ ရောမစစ်သားတစ်ချို့လာပြီး ယေရှုကို ဖမ်းခေါ်သွားကြတော့တယ်။ ပီတာလို့ခေါ်တဲ့ ယေရှု သူငယ်ချင်းတစ်ယောက်က အရမ်းစိတ်ဆိုးသွားတာပေါ့။ ဒါနဲ့ သူက ဓားတစ်လက် ဆွဲထုတ်ပြီးတော့ ဖမ်းဖို့လာတဲ့ သူတွေထဲက တစ်ယောက်ရဲ့နားရွက်ကို ခုတ်ဖြတ်လိုက်တယ်။ ယေရှုက  ပီတာကို ဘာပြောမယ်လို့ထင်လဲ။ "ကောင်းတယ် ပီတာ"လို့ ယေရှုပြောမယ်လို့ ထင်လား။ သူ့သူငယ်ချင်းက ဒီလိုနည်းနဲ့ သူ့ကိုကူညီဖို့ ကြိုးစားတဲ့အတွက် ယေရှုဝမ်းသာမယ်လို့ ထင်လား။ ယေရှုဝမ်းမသာခဲ့ဘူး။


နားရွက် ဖြတ်ခံလိုက်ရတဲ့ သူရဲ့နာမည်က မာလခုလို့ခေါ်တယ်။

*"ယေရှုနှင့်အတူပါသောသူတို့သည် ဖြစ်အံ့သောအမှုကို မြင်လျှင်၊ သခင်၊ အကျွန်ုပ်တို့သည် ဓားနှင့် ခုတ်ရပါမည်လောဟု မေးလျှောက်ပြီးမှ၊ ရှိမုတ်ပေတရုသည် မိမိ၌ပါသော ဓားကိုဆွဲထုတ်ပြီးလျှင် ယဇ်ပုရောဟိတ်မင်း၏ ကျွန်တစ်ယောက်ကို ခုတ်သဖြင့် လက်ယာနားရွက်ပြတ်လေ၏။  ယေရှုကလည်း ဓားကိုအိမ်၌သွင်းထားလော့။ ယေရှုကလည်း တန်စေဟု* မိန့်တော်မူ၍၊

*နားရွက်ကို လက်တော်နှင့် တို့သဖြင့် အနာကို ပျောက်စေတော်မူ၏။”*

*လုကာ ၂၂: ၄၉-၅၁/ ယောဟန် ၁၈: ၁၀*

ဝိုး...ထူးဆန်းလိုက်တာနော်။ ဒီလူတွေက သူ့ကိုဖမ်းဖို့ လာကြပေမယ့် ယေရှုက သူတို့အပေါ် ကြင်ကြင်နာနာ ဆက်ဆံခဲ့တယ်။ မာလာခုက ယေရှုကို နာကျင်စေဖို့ ကြိုးစားခဲ့ပေမယ့် ယေရှုကတော့ မာလခုကို ကူညီပြီး၊ သူ့အနာကို ပျောက်စေတော်မူခဲ့တယ်။




ကျွန်တော်တို့အပေါ် မကောင်းတဲ့လူတွေအပေါ် ပြန်ကောင်းပြဖို့ မလွယ်ကြောင်း၊ ကျွန်တော်တို့ရဲ့ သဘာဝမဟုတ်ကြောင်း ယေရှုသိနေတယ်။ ဒါကြောင့် ကျွန်တော်တို့ ယေရှုဆီမှာ အကူညီတောင်းဖို့ လိုအပ်တာပေါ့။ တစ်ယောက်ယောက်က ကလေးတို့ကို နာကျင်စေတဲ့အခါ ယေရှုက သူများအပေါ် တုန့်ပြန်ခဲ့သလိုမျိုး ပြန်တုန့်နိုင်ဖို့၊ ကလေးတို့ နှလုံးသားထဲမှာ ယေရှုဝင်လာဖို့ ဆုတောင်းကြရမယ်။ ယေရှု ဘယ်လိုပြောခဲ့လဲဆိုတာကို အောက်မှာ သေသေချာချာ ဖတ်ကြည့်ပါ။

“ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကို မုန်းလော့ဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။” ရှင်မဿဲ ၅: ၄၃

အို့…။ ဒီမှာ ခဏရပ်ရအောင်။
လူတွေဒီလိုပြောကြတာကို
အရင်ကကြားဖူးကြလား။ လူတွေ
ဒီလိုပြောကြတာကို ကလေးတို့
ကြားဖူးချင်မှ ကြားဖူးကြလိမ့်မယ်။
ဒါပေမယ့် လူအများစုရဲ့
အပြုမူဖြစ်နေပါတယ်။



ကျွန်တော်တို့ရဲ့သူငယ်ချင်းတွေကို ချစ်ဖို့တော့ လွယ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ရန်သူတွေ၊ ကျွန်တော်တို့ကို နာကျင်အောင် အမြဲ လုပ်တဲ့သူတွေကို ချစ်ဖို့ မလွယ်ဘူးကွဲ့။ ကလေးတို့အပေါ် ကြင်ကြင်နာနာမဆက်ဆံတဲ့ တစ်ယောက်ယောက် ရှိဖူးလား။ ကလေးတို့ကို ကဲ့ရဲ့လှောင်ပြောင်တဲ့သူ ဒါမှမဟုတ် လဲကျအောင် တွန်းတဲ့သူတွေ ရှိဖူးလား။

ယေရှုဘယ်လိုပြောမလဲဆိုတာ ပြန်ကြည့်ရအောင်။ ကျွန်တော်တို့အပေါ် တစ်ခါတစ်လေ စိမ်းကား မောက်မာတဲ့သူတွေကို ဘယ်လို တုန့်ပြန်ရမယ်လို့ ယေရှုပြောခဲ့လဲဆိုတာ ဆက်ဖတ်ရအောင်။

*"ငါပြသတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသောငှာ၊ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောတို့အား ကျေးဇူးပြုကြလော။* ***သင်တို့ကို နှောင့်ယှက်ညှဉ်းဆဲသော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။*** *ရှင်မဿဲ ၅: ၄၄*

မထူးဆန်းဘူးလား။ ယေရှုက ကျွန်တော်တို့အပေါ် နှောင့်ယှက်ညှဉ်းဆဲတဲ့သူတွေ၊




ကျွန်တော်တို့ရဲ့ ရန်သူတွေအတွက် ဆုတောင်းရမယ်လို့ ပြောနေတယ်။ သူတို့က ကျွန်တော်တို့အပေါ် မကောင်းပေမယ့် သူတို့ကျွန်တော်တို့ကို ဘယ်လိုပြောပြော၊ ဘယ်လိုဆက်ဆံဆက်ဆံ ကျွန်တော်တို့က သူတို့ကို ချစ်နေရမယ်။

ကျွန်တော်တို့က သူတို့အတွက် ဆုတောင်းပေးရမယ် ? ကလေးတို့ ဒီလိုမေးနိုင်တယ်။ "သူတို့က အကူညီလိုနေတဲ့ သူတွေမှမဟုတ်တာ။ ဘာလို့ သူတို့အတွက် ဆုတောင်းပေးရမှာလဲ။" တော်တော်ကောင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ကဲ့ရဲ့ခံရတဲ့သူတွေ၊ လဲကျအောင် တွန်းခြင်းခံရတဲ့သူတွေက အကူညီအများဆုံး လိုအပ်တဲ့သူတွေလို့ ထင်ရကောင်း ထင်ရနိုင်ပါတယ်။ ဒါပေမယ့် တစ်ခြားနည်းနဲ့ စဉ်းစားကြည့်ရအောင်။ တစ်ယောက်ယောက်က ကလေးတို့ရဲ့ အမှားလေးတစ်ခုကြောင့် ကဲ့ရဲ့တယ်။ နောက်ပြောင်တယ်ဆိုရင် သူတို့ကို မသိသလိုနေလိုက်ပြီးတော့ ထွက်သွားလိုက်ရင်လည်းရတယ်။ ဒါမှမဟုတ် သူတို့နဲ့အတူ ရောပြီး ရယ်မောလိုက်ရင်လည်းရတာပဲ။ သူတို့ ကဲ့ရဲ့တာတွေ၊ စနောက်တာတွေကို ကလေးတို့ ဂရုမစိုက်ဘူး၊ အလေးမထားဘူးဆိုရင် သူတို့အလိုလို ရပ်သွားကြလိမ့်မယ်။

သူများကို ကဲ့ရဲ့တတ်တဲ့သူတွေ၊ သူများကို နှောင့်ယှက်တတ်တဲ့သူတွေအတွက် သူများအပေါ် ကြင်ကြင်နာနာ ဆက်ဆံဖို့က တစ်ခါတစ်လေ ခက်ခဲနိုင်ပါတယ်။

ထိုတစ်စုံတစ်ယောက်နေထိုင်ရာ ပတ်ဝန်းကျင်သည် နှောင့်ယှက်မောက်မာတတ်သော နေရာဖြစ်နေလို့ သူတို့အပြုမူက အဲ့လိုဖြစ်နေတာလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုတွေးလိုက်တော့လည်း မောက်မာစွာပြုမူတတ်တဲ့သူဟာ အကူညီပိုလိုအပ်တဲ့သူ ဖြစ်သွားပါတယ်။

လူတစ်ယောက်ဟာ ပိုမိုမောက်မာစွာ ပြုမူလာလေလေ ယေရှုဆီကနေ အကူညီပိုလိုအပ်လာလေလေဖြစ်ပါတယ်။ ဟုတ်ပါတယ်။ သူတို့အတွက် ဆုတောင်းပေးလိုက်ပါ။ ဘာလို့ဆုတောင်းပေးတာလဲဆိုတော့ သူက ကိုယ့်အပေါ် မောက်မာစွာ ဆက်ဆံပေမယ့် ကျွန်တော်တို့က သူတို့ကို ချစ်နေဆဲ၊ ဂရုစိုက်နေဆဲဖြစ်လို့ ဖြစ်ပါတယ်။



သူ့အပေါ်ရက်စက် မောက်မာခဲ့တဲ့သူတွေကို ယေရှုကချစ်ခဲ့သလား။ သူတို့အတွက် ဆုတောင်းပေးခဲ့လား။ ဆုတောင်းပေးခဲ့တာပေါ့။ သူတို့က ယေရှုကို ဖမ်းဆီးရုံမကဘူး၊ လှောင်ပြောင်သရော်ခဲ့ကြတယ်။ သူ့ကို တံထွေးနဲ့ ထွေးခဲ့ကြတယ်။ ယေရှုရဲ့ခြေလက်တွေကို လက်ဝါးကပ်တိုင်မှာ သံမှိုနဲ့ ရိုက်ခဲ့ကြသေးတယ်။ သူတို့အတွက် ယေရှု ဆုတောင်းပေးနိုင်ခဲ့လား။ ဆုတောင်းပေးခဲ့တာပေါ့။




ယေရှုသည် အသက်တော်စွန့်ရန် နာရီအနည်းငယ်သာ ကျန်ရှိနေလျက် သေအံ့ဆဲဆဲဖြစ်နေသည်။ သို့သော်လည်း သူ့အပေါ် ရက်စက်ခဲ့သောသူတို့သည် အကူညီလိုအပ်နေသောသူများ ဖြစ်ကြောင်းကို သိတော်မူခဲ့ပါသည်။ ထို့ကြောင့် သူတို့အတွက် ဆုတောင်းပေးခဲ့ပါသည်။ ခမည်းတော်ဘုရားက သူ့ကို အသက်ပြန်ရှင်စေနိုင်ကြောင်း ယေရှုသိတော်မူခဲ့ပါသည်။ ယေရှုက

သူ့ခမည်းတော်ကို ယုံကြည်သည်။ အခြားသူများကို ခမည်းတော်ဘုရားကို ယုံကြည်လာစေရန်သူ ဆုတောင်းပေးခဲ့ပါသည်။

ဒါပေမယ့် အဲ့လိုရက်စက်ခဲ့တဲ့သူတွေက ယေရှုကိုဖြစ်စေ၊ ခမည်းတော်ကိုဖြစ်စေ မချစ်ခဲ့ကြပါ။ သူတို့က ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသတင်းစကားကို ဂရုမစိုက်ခဲ့ကြပါ။ ယေရှု သူတို့အတွက် အလွန်ဝမ်းနည်းခဲ့ပါသည်။ လူသားအားလုံး၊ သူ့အပေါ် ရက်စက်စွာ ဆက်ဆံခဲ့သူများကို ဘုရားသခင် ခွင့်လွှတ်ခဲ့ကြောင်း ယေရှုသိတော်မူသည်။ သူတို့သည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို လက်ခံကာ ဘုရားသခင်၏ သားဖြစ်ရခြင်း၏ ပျော်ရွှင်ငြိမ်သက်ခြင်းကို တွေ့ကြုံခံစားနိုင်ရန် ယေရှု ဆုတောင်းပေးခဲ့သည်။ ကျွန်တော်တို့ မည်သို့ပင် မှားယွင်းစေကာမူ ဘုရားသခင် ကျွန်ုပ်တို့ကို ချစ်တော်မူပါသည်။ ကလေးတို့လည်း အမှားတစ်ခုခု လုပ်မိလို့ ဝမ်းနည်းကြေကွဲတဲ့အခါ ကောင်းကင်ဘုံမှာ ရှိတဲ့ ကျွန်ုပ်တို့အဖရဲ့ စကားတော်ကို အမှတ်ရနေပါ။

> *"အကယ်စင်စစ်၊ ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့် ဂရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြု၏။"*
>
> *ယေရမိ ၃၁: ၃*



ဘုရားသခင်က သင့်ကို ထာဝရမေတ္တာနှင့် ချစ်၏လို့ ပြောတဲ့အတွက် သင့်အတွက် ဘုရားသခင်ရဲ့ အချစ်ဟာ ဘယ်တော့မှ ကုန်ခမ်းသွားမှာ မဟုတ်ဘူးလို့ ဆိုလိုပါတယ်။


အထက်ကဖော်ပြခဲ့တဲ့ ယေရှုပြောတဲ့ အရေးကြီးဆုံးအချက်ကို မမေ့ပါနဲ့။ ကျွန်တော်တို့ ရန်သူတွေအတွက် ဆုတောင်းပြီး ချစ်ပြတဲ့အခါ ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့သားများဖြစ်လာမှာ ဖြစ်ပါတယ်။ ဘုရာသခင်ကိုယ်တော်တိုင်သည် သူ၏ရန်သူများကို ချစ်ကြောင်း ကျွန်တော်တို့ တွေ့မြင်နိုင်ပါသည်။ သူ့ကိုပြန်မချစ်တဲ့ လူတွေကိုလည်း ဘုရားသခင် ချစ်တော်မူပါသည်။ ယေရှုက -

> *"သင်တို့ကို ကျေးဇူးပြုသောသူတို့အားသာ ကျေးဇူးပြုလျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ဤမျှလောက် ပြုကြသည်မဟုတ်လော။ သင်တို့မူကား ရန်သူတို့ကို ချစ်ကြလော့။ ကျေးဇူးပြုကြလော့။ တစ်စုံတစ်ခုကိုရမည်ဟု မျှော်လင့်ခြင်းမရှိဘဲ၊ ချေးငှားကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသော ဘုရားသခင်၏ သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့်သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ်ရှိကြလော့။" ရှင်လုကာ ၆: ၃၃,၃၅,၃၆*

ဒီနေရာမှာ ယေရှုပြောခဲ့တဲ့စကားကို သတိပြုမိလား။ ယေရှုက ဘုရားသခင်သည် "ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏။" လို့ပြောခဲ့ပါတယ်။

အခုဆိုရင် အရင်က နားလည်ခဲ့တာထက် ဘုရားသခင်ရဲ့ အကျင့်စာရိတ္တတော်အကြောင်းကို ပိုမိုနားလည်လာနိုင်ဖို့ ကျွန်တော်ဆုတောင်းပေးပါတယ်။ လူတွေက ဘုရားသခင်ဟာ သူ့ကိုချစ်တဲ့ လူတွေကို နာကျင်စေတဲ့ ဘုရားလို့ပြောတတ်ကြပါတယ်။ ဒီလိုသွန်သင်ခြင်းဟာ

လူတွေ ဘုရားသခင်အပေါ် ကြောက်ရွံစိတ် ဖြစ်ပေါ်စေပါတယ်။ ဘုရားသခင်ပြောတဲ့အတိုင်း လိုက်မလုပ်နိုင်ရင် ဘုရားသခင်က ကျွန်တော်တို့ကို နာကျင်အောင်လုပ်မှာပဲလို့ ကြောက်လန့်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဘုရားသခင်ဟာ သူ့အပေါ် ကျေးဇူးမသိတတ်တဲ့သူတွေ၊ ဆိုးညစ်တဲ့သူတွေအပေါ်မှာလည်း ကြင်နာတတ်တဲ့ဘုရား၊ ချစ်တတ်တဲ့ဘုရား၊ သနားစိတ်ရှိတဲ့ဘုရား ဆိုတာ သင်ယူခဲ့ပြီဖြစ်ပါတယ်။



ကလေးတို့အပေါ်မှာ အခုတစ်လော ဆိုးညစ်တဲ့သူတွေ ရှိလား။

နောက်စာတစ်မျက်နှာကို မဖတ်ခင် အခုချက်ချင်း သူတို့အတွက် ဒူးထောက် ဆုတောင်းပေးရင် မကောင်းဘူးလား။

ဆုတောင်းပေးကြည့်ပါလား။

## ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏

ယောဟန်လို့ခေါ်တဲ့ ယေရှုရဲ့မိတ်ဆွေတစ်ယောက်ရှိခဲ့တယ်။ ယောဟန်က ယေရှုကြောင်း၊ ယေရှုပြောခဲ့တဲ့ ကောင်းကင်ဘုံမှာ ရှိတော်မူတဲ့ သူ့အဖခမည်းတော်အကြောင်း ကောင်းကောင်းသိတဲ့သူ ဖြစ်ပါတယ်။ သူက ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာအကြောင်းကို ဒီလိုရေးသားခဲ့တယ်။

"ချစ်သူတို့၊ ငါတို့သည် အချင်းချင်း ချစ်ကြကုန်အံ့၊ အကြောင်းမူကား၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဖွားစေတော်မူသောသူဖြစ်၏။ ...အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။

ယောဟန်က ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာဖြစ်တယ်လို့ ပြောပါတယ်။ အချစ်စစ်ဟာ ဘုရားသခင်ဆီက လာပါတယ်။ အခြားသူများကို ကျွန်တော်တို့ အချစ်စစ်နဲ့ ချစ်ချင်ရင် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲမှာ နေထိုင်ခွင့်ပြုဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အထဲကို သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင် ကိန်းအောင်းနိုင်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်တော်တို့အထဲမှာ

ကိန်းအောင်းခွင့်ပြုမယ်ဆိုရင် သူအသက်ရှင်တဲ့အတိုင်း ကျွန်တော်တို့ အသက်ရှင်နိုင်မှာဖြစ်ပါတယ်။ ဘုရားသခင် အခြားသူတွေကို ချစ်သလို ကျွန်တော်တို့လည်း ချစ်နိုင်လာမှာ ဖြစ်ပါတယ်။



ခမည်းတော်ဘုရားက စေခိုင်းတဲ့ အမှုတော်ကို ဆောင်ရွက်ပြီးစီးကြောင်း ယေရှုပြောခဲ့တာကို အရင်စာမျက်နှာတွေမှာ ကျွန်တော်တို့ ဖတ်ခဲ့တာ သတိရကြသေးလား။ သူဆောင်ရွက်တဲ့ အမှုတော်ဆိုတာ ဘာအမှုလဲဆိုတာရော သတိရကြသေးလား။ ဟုတ်တာပေါ့...အမှုတော်ဆိုတာ သူ့ခမည်းတော်ဘုရားရဲ့ ဘုန်းတော်ကို ထင်ရှားစေတာဖြစ်ပါတယ်။ ယေရှုပြုမူခဲ့တဲ့ ကြင်နာတဲ့ အပြုမူတိုင်းကို ဖတ်ရှုရတဲ့အခါ ယေရှုက ကျွန်တော်တို့ရဲ့ ကောင်းကင်အဖ ခမည်းတော်ဘုရား ဘယ်လိုပြုမူတတ်လဲဆိုတာကို တွေ့မြင်နိုင်ဖို့ ကူညီနေတာဖြစ်ကြောင်း ကျွန်တော်တို့ သတိရဖို့ဖြစ်ပါတယ်။ ဆာလံကျမ်းမှာ "မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊" (ဆာလံကျမ်း ၁၉: ၁) ရှင်ပေါလုက ဘုရားသခင်ကို ကျွန်တော်တို့ မမြင်နိုင်သော်လည်း သူ၏ "ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရဘုရား၏ တန်ခိုးတော်နှင့် ... ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။" ရောမ ၁: ၂၀။ ဝိုး... လူသားတွေသာမက၊ နေ၊လ၊ကြယ်၊ သစ်ပင်နှင့် တိရစ္ဆာန် စတဲ့

ဖန်ဆင်းခံအရာအားလုံးကို ဘုရားသခင် ပြုမူသလို ပြုမူတတ်ဖို့ ဖန်းဆင်းထားတာဖြစ်ပါတယ်။




အသက်ကို ဝဝရှူကြည့်ပါ။ ရှူသွင်းတဲ့အခါ အောက်စီဂျင်ကို ကျွန်တော်တို့ ရှူသွင်းကြတယ်။ ကျွန်တော်တို့ အသက်ရှူဖို့လိုအပ်တဲ့ အောက်စီဂျင်ကို သစ်ပင်ဆီက ရတယ်ဆိုတာ ကလေးတို့ သိကြလား။ ဒါပေမယ့် သစ်ပင်တွေလည်း ကိုရော သိကြလား။ သစ်ပင်တွေက လို့ခေါ်တဲ့ အရာကို ရှူသွင်းကြပါတယ်။ ထူးဆန်းတာက

ကျွန်တော်တို့
အောက်စီဂျင်ကို
ရှူသွင်းကြပါတယ်။

ဘာလဲဆိုတော့ ကျွန်တော်တို့ အောက်စီဂျင်ကို ရှူသွင်းပြီးတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်ကို ရှူထုတ်ကြတယ်။ ဒီလိုနည်းနဲ့သစ်ပင်တွေက အသက်ရှူနိုင်လာကြတယ်။ သစ်ပင်တွေက အောက်စီဂျင်ပေးပြီးတော့ ကျွန်တော်တို့က သူတို့ကို ကာဗွန်ဒိုင်အောက်ဆိုက် ပေးကြပါတယ်။ ဒါဟာ ပေးကမ်းခြင်း စက်ဝိုင်းကြီးဖြစ်ပါတယ်။

ဒီနည်းနဲ့ ဘုရားသခင်ရဲ့ ဖန်းဆင်းခြင်းအရာအားလုံးက ဘုရားသခင် ဘယ်လိုဘုရားမျိုးလဲဆိုတာကို ဖော်ပြပါတယ်။ သူဟာ ချစ်တတ်တဲ့ဘုရား ဖြစ်ပြီးတော့ ကျွန်တော်တို့ လိုအပ်တဲ့ အရာတွေကို အမြဲပေးကမ်းတဲ့သူလည်း ဖြစ်ပါတယ်။ ဒီလို သိမြင်လာရတာ စိတ်သက်သာရာမရစေဘူးလား။

ဘုရားသခင်ရဲ့
ဖန်ဆင်းခြင်းအတွင်းရှိဤပေးကမ်းခြင်း
စက်ဝိုင်းကို ဘုရားသခင်ရဲ့
ပညတ်တော်လို့ခေါ်ပါတယ်။ ဒီပညတ်ကို




အသက်(ဝါ)၊ချစ်ခြင်းမေတ္တာပညတ်လို့ခေါ်ပါတယ်။ ဘုရားသခင်က ဒီပညတ်တော်ကို ကျွန်တော်တို့အပေါ် ဗိုလ်ကျဖို့ သူပြောတဲ့အတိုင်း လိုက်နာဖို့အတွက် ပေးခဲ့တာမဟုတ်ပါဘူး။ ပညတ်တော်ဟာ သူကျွန်တော်တို့ကို ချစ်တဲ့အတွက် ကျွန်တော်တို့အတွက် အကာကွယ်ဖြစ်စေဖို့အတွက် ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဘုရားသခင်ဟာ ကျွန်တော်တို့ကို ဖန်ဆင်းတဲ့ ဘုရားဖြစ်လို့ ကျွန်တော်တို့အတွက် ဘယ်အရာက အကောင်းဆုံးလဲ ဆိုတာကို သူသိတော်မူတယ်။ တကယ်လို့ ကျွန်တော်တို့ အသက်ရှူတာကို ရပ်တန့်ပစ်မယ်ဆိုရင် အသက်ပညတ်တော်ကို ဖောက်ဖျက်ရာရောက်တဲ့တွက် ကျွန်တော်တို့ သေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပညတ်တော်ကို ဖောက်ဖျက်မိကြတဲ့အခါ သေခြင်းကိုဖြစ်စေတာ ဘုရားသခင်မဟုတ်ပါဘူး။ ဘုရားသခင်က ကျွန်တော်တို့ကို ဒီလိုနည်းနဲ့ စည်ကမ်းချမပေးထားပါဘူး။ ဘုရားသခင့် ပညတ်တော်ရဲ့အလုပ်လုပ်ပုံလည်း မဟုတ်ပါဘူး။

ဥပမာ။ ။ ကလေးတို့ သူငယ်ချင်းတစ်ယောက်နဲ့ ကလေးတို့အိမ်မှာ ကစားကြတယ်ဆိုပါစို့။ အဲဒီနေ့က အရမ်းပူအိုက်တဲ့အတွက် ကလေးရဲ့မိခင်က

ပန်ကာကြီးဖွင့်ထားတယ်။ ကလေးရဲ့သူငယ်ချင်းကို ပန်ကာထဲ လက်ချောင်းထိုး မထည့်ဖို့ ကလေးကပြောတယ်။ ထည့်ရင် လက်နာမယ်လို့ပြောလိုက်တယ် ဆိုကြပါစို့။ ကလေးက ဘာလို့ဒီလို ပြောရတာလဲ။ အောက်က အကြောင်းရင် နှစ်ခုထဲက မှန်တဲ့တစ်ခုကို ရွေးကြည့်ပါ။

1) သူငယ်ချင်းရဲ့လက်ကို ပန်ကာထဲမှာ မထည့်ဖို့ပြောတယ်။ ဘာလို့လဲဆိုတော့ သူငယ်ချင်းအပေါ် ဗိုလ်ကျချင်လို့၊ တကယ်လို့ သူထည့်မယ်ဆိုရင်လည်း ဒဏ်ပေးချင်လို့။
2) သူငယ်ချင်းရဲ့လက်ကို ပန်ကာထဲမှာ မထည့်ဖို့ပြောတယ်။ ဘာလို့လဲဆိုတော့ သူငယ်ချင်းကို ချစ်တယ်။ ပန်ကာကြီးက သူငယ်ချင်းကို နာကျင်စေမှာ မလိုလားဘူး။

နံပတ်နှစ်ကိုပဲ ရွေးမယ်ဆိုတာ သေချာပါတယ်။ ကျွန်တော်တို့ ဘုရားသခင်ရဲ့ ပညတ်တော်တွေကို ဖောက်ဖျက်မိတဲ့အခါ အပြစ်လို့ခေါ်ပါတယ်။ ရှင်ယောဟန်က “ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်းပေတည်း။” (၁ယော ၃:၄)လို့ဖော်ပြထားပါတယ်။ အပြစ်ဆိုတာ တစ်ကိုယ်ကောင်းဆန်တာဖြစ်ပါတယ်။ တစ်ကိုယ်ကောင်းဆန်တဲ့အခါ ကျွန်တော်တို့ဘဝမှာ ဘုရားသခင်ရဲ့စောင့်ထိန်းမှု, ဘုရားသခင်ရဲ့အစီစဉ်ထဲက ခွဲထွက်လိုစိတ်ဖြစ်လာပါတယ်။



တစ်ကယ်လို့ သူငယ်ချင်းက ကလေးတို့ရဲ့ စကားကို နားမထောင်ဘဲ သူ့လက်ချောင်းကို ပန်ကာကြီးထဲ ထည့်မယ်ဆိုရင် ဘာဖြစ်လာနိုင်လဲ။ လက်ချောင်းတွေ နာမှာပေါ့။ အဲလို နာအောင် ကလေးတို့က လုပ်တာလား။ ပန်ကာက လုပ်တာလား။ မှန်တာပေါ့။ ပန်ကာလုပ်လို့ နာတာပေါ့။

အပြစ်ဆိုတာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ ဘုရားသခင်ရဲ့ သွန်သင်ချက်တွေကို နားမထောင်တဲ့အခါ ကျွန်တော်တို့ဟာ မိမိကိုယ်မိမိ နာကျင်အောင်လုပ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အပြစ်လုပ်တဲ့အခါ ကျွန်တော်တို့ကို နာကျင်ခံစားစေတာ ဘုရားသခင်မဟုတ်ပါဘူး။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တယ် ဆိုတာ သတိရပါ။ ဘုရားသခင်ရဲ့ ပညတ်တော်က ဘုရားသခင်ရဲ့ အကျင့်စာရိတ္တ၊ သူနေထိုင်တဲ့ပုံစံတွေကို ပြောပြပေးပါတယ်။ အပြစ်တရားရဲ့ အန္တရယ်ကိုလည်း သတိပေးတယ်။ ဘုရားသခင်ရဲ့ ပညတ်တော်နှင့် ပတ်သက်ပြီး ရှင်ပေါလုက ဒီလိုရေးထားပါတယ်။

> *"ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကိုမဖျက်ဆီးတတ်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာ ဖြစ်သတည်း။" ရောမ ၁၃: ၁၀*

ဘုရားသခင် သွန်သင်တဲ့အတိုင်း ကျွန်တော်တို့ အသက်ရှင်တဲ့အခါ အခြားသူတွေအပေါ်မှာ ဆိုးညစ်တဲ့ အပြုမူမျိုး ကျွန်တော်တို့ လုပ်မှာမဟုတ်ပါဘူး။ သူတို့က ကျွန်တော်တို့ကို နာကျင်အောင် လုပ်ရင်တောင်မှ ကျွန်တော်တို့က သူတို့ကို နာကျင်အောင် ပြန်တုန့်ပြန်မှာ မဟုတ်ပါဘူး။ ဘုရားသခင်က လူတွေကိုချစ်သလို ကျွန်တော်တို့လည်း ချစ်လာနိုင်မှာ ဖြစ်ပါတယ်။ တစ်နေ့တော့ တစ်ယောက်က ယေရှုဆီလာပြီး အခုလိုမေးလိုက်တယ်။ "ပညတ်တကာတို့တွင် အဘယ်မည်သော ပညတ်သည် သာ၍မြတ်သနည်းဟု မေးလျှောက်သော်" (မာကု ၁၂: ၂၈) ကျွန်တော်တို့အတွက် ဘုရားသခင်ရဲ့ အမြတ်ဆုံးသွန်သင်ချက်က ဘာဖြစ်မယ်လို့ ထင်လဲ။ ကောင်းတာတစ်ခုက ယေရှုက အဲဒီအဖြေကို ကျွန်တော်တို့အတွက် ဖြေပေးခဲ့ပါတယ်။ "သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်၊ နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ... ထိုမှတစ်ပါး၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည်

ပထမပညတ်နှင့် သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ကြီးမြတ်သော ပညတ်သောမရှိဟု ပြန်၍ မိန့်တော်မူ၏။” မာကု ၁၂: ၃၀,၃၁

ဒါကြောင့် ဘုရားသခင်ပေးတဲ့ အမြတ်ဆုံးသော သွန်သင်ချက်က ဘုရားသခင်ကို ချစ်ဖို့၊ သူ့အပေါ် ချစ်တဲ့အချစ်ကို မည့်သည့်အရာကမျှ အစားထိုးယူဆောင်မသွားဖို့ ဖြစ်ပါတယ်။ ဒုတိယ အမြတ်ဆုံးသွန်သင်ချက်က သူတစ်ပါးကို ကိုယ်နှင့်အမျှချစ်ဖို့ ဖြစ်ပါတယ်။ ကိုယ့်ဆီမှာ မကောင်းတဲ့အရာ၊ အန္တရာယ်ရှိတဲ့အရာ တစ်ခုမှ မလိုချင်ကြဘူးမလား။ ဘယ်သူမှ မလိုချင်ကြဘူး။ ဒါကြောင့် ကျွန်တော်တို့လည်း သူတစ်ပါးအပေါ်မှာ မကောင်းတဲ့အရာ၊ အန္တရာယ်ရှိတဲ့အရာ တစ်ခုမှ မပြုလုပ်ဖို့ လိုပါတယ်။

ဘုရားသခင်ကို ချစ်ဖို့က ဘာကြောင့် အရေးကြီးဆုံး သွန်သင်ချက်ဖြစ်ရတာလဲ။ ဘုရားသခင်က တစ်ကိုယ်ကောင်းဆန်တာလား။ မဟုတ်ပါဘူး။ အဖြေက ကျွန်တော်တို့ ကျွန်တော်တို့ရဲ့အချစ်ကို ဘုရားသင်ဆီ ပြသတဲ့အပေါ်မှာ မူတည်ပါတယ်။ ဘုရားသခင် ကျွန်တော်တို့ကို ကောင်းချီးပေးဖို့ ကျွန်တော်တို့ ခွင့်ပြုခြင်းအားဖြင့် ဘုရားသခင်ကို ချစ်ကြောင်း ပြသတယ်။ ဒီလိုပြသရင် သူက ကျွန်တော်တို့ထဲလာ ဝင်ရောက်လာပြီး အခြားသူများကို မှန်ကန်နည်းလမ်းနဲ့ ချစ်နိုင်ဖို့ တန်ခိုးပေးမှာ ဖြစ်ပါတယ်။ ဒီတန်ခိုးကို ကရုဏာတော်လို့ခေါ်ပါတယ်။ ကိုယ်ကျိုးစွန့်တဲ့ အချစ်နဲ့ ပြည့်ဝတဲ့ ဘုရားသခင်ရဲ့ပညတ်တော်ကို နာခံလိုက်လျောက်စေနိုင်မဲ့ အစွမ်းသတ္တိကို ဘုရားသခင့် ကရုဏာတော်က ပေးပါတယ်။ (ရောမ ၁: ၅/ တိတု၂: ၁၁,၁၂) ဘုရားသခင်ရဲ့ကရုဏာတော်သာ မရှိဘူးဆိုရင် အဘယ်လူသားမှ အသက်ရှင်သန်နိုင်မှာ မဟုတ်ပါ။



ဝေးထိန်းခလုတ်နဲ့ ဆော့ကစားလို့ရတဲ့ ကစားစတွေရှိဘူးကြလား။ အဲ့ကစားစရာလေးက လှုပ်ရှားနိုင်ဖို့ ဘာလိုအပ်လဲ။ ဟုတ်တာပေါ့။ ဘက်ထရီလိုတယ်နော။ ဘုရားသခင်ကို ကလေးရဲ့ဘက်ထရီလို့ မြင်ယောင်ကြည့်။ လှုပ်ရှားသွားလာဖို့၊ စဉ်းစားတွေးခေါ် ဖို့၊ စကားပြောဖို့၊ ကြားနိုင်ဖို့၊ အနံ့ခံနိုင်ဖို့၊ မျက်စိနဲ့ မြင်နိုင်ဖို့ ကျွန်တော်တို့ ဘုရားသခင်ကို လိုအပ်တယ်။

ယေရှုလည်း ဒီလိုပဲ အသက်သန်နေတယ်။ ယေရှုက "ငါ့ခမည်းတော်သည် ခပ်သိမ်းသောအရာတို့ကို ငါ၌အပ်တော်မူပြီ။ (လုကာ ၁၀: ၂၂) ယေရှုက အံ့ဖွယ်နိမိတ်လက္ခဏာတွေပြသပြီး လူတွေကို ကူညီနိုင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူက သူ့ခမည်းတော်ကို သူ့အထဲမှာ နေထိုင်ခွင့်ပြုလို့ဖြစ်ပါတယ်။ သူက ဘုရားသခင်ကို သူ့ရဲ့ ဘက်ထရီအဖြစ် ခွင့်ပြုခြင်းအားဖြင့် ကရုဏာတော်ကို လက်ခံခဲ့တယ်။ (လုကာ ၂: ၄၀) ယေရှုက

> *"ငါပြောဟောသော စကားကို ကိုယ်အလိုအလျောက် ငါပြောဟောသည်မဟုတ်။ ငါပြုသောအမှုတို့ကိုကား၊ ငါ၌တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။" ရှင်ယောဟန် ၁၄: ၁၀*

ယေရှုပြုသမျှ အမှုတွေဟာ ဘုရားသခင်ရဲ့အမှုတော်တွေဖြစ်ပါတယ်။ ဒါကြောင့် ယေရှုက ဖိလစ်ကို "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်၏။"လို့ပြောခဲ့တာဖြစ်ပါတယ်။

ယေရှုက တစ်ယောက်ယောက်ကို နာကျင်အောင် လုပ်ခဲ့ဖူးလား။ မလုပ်ခဲ့ဖူးဘူး။ ဘာကြောင့်လဲ။ ဘုရားသခင်က ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်ခဲ့ဖူးလို့ပဲ။

ယေရှုက တစ်ယောက်ယောက်ရဲ့ခံစားချက်ကို နာကျင်အောင် လုပ်ဖူးလား။ မလုပ်ဖူးဘူး။ ဘာကြောင့်လဲ။ ဘုရားသခင်က ဘယ်သူတစ်ယောက်ရဲ့ ခံစားချက်ကိုမှ နာကျင်အောင် မလုပ်ခဲ့ဖူးလို့ပဲ။ ယေရှုက လူတွေကို အမြဲကူညီပြီး၊ အနာရောဂါပျောက်ကင်းစေခဲ့လား။ ပျောက်ကင်းစေတယ်။ ဘာကြောင့်လဲ။ ဘုရားသခင်ကလည်း လူတွေကို အမြဲကူညီပြီး အနာရောဂါပျောက်ကင်းစေခဲ့လို့ပဲ ဖြစ်ပါတယ်။

ဖျားနာ နေမကောင်းဖြစ်ခဲ့ဖူးလား။ နာစေတာပဲဖြစ်ဖြစ်၊ ဗိုက်နာတာပဲဖြစ်ဖြစ်ပေါ့။ ကလေးတို့ အဖေ ဒါမှမဟုတ် အမေက ဖျားလို့ဆိုပြီး ဆူဖူးလား။ အပြစ်ပေးဖူးလား။ မလုပ်ဖူးဘူးနော။ သူတို့ဘာလုပ်လဲ။ ပြန်ကျန်းမာလာအောင် ကူညီတယ်မလား။ ဟုတ်တယ်။ ပြန်ကျန်းမာလာဖို့ ဆေးတွေတိုက်ကြမှာပေါ့။

ဖျားနာတာကို အပြစ်လို့တွေးကြည့်။ ကောင်းကင်က အဖဘုရားက ဆူပူကြိမ်းမောင်းမယ်လို့ ထင်လား။ ဖျားနာလို့ အပြစ်ပေးမယ်လို့ ထင်လား။ အပြစ်ပေးမှာမဟုတ်ဘူး။ ပြန်ကျန်းမာဖို့ ကူညီမှာပေါ့။ ဘုရားသခင်က



ကလေးတို့ကို ဖယ်ရှားပစ်မယ်လို့ ထင်လား။ ကလေးတို့ကို ဖျားနာအောင်လုပ်တဲ့ အပြစ်ကို ဖယ်ရှားပြီး ကလေးတို့ ကျန်းမာလာအောင် ဆေးပေးမှာပေါ့။

ဘုရားသခင်ပေးတဲ့ ဆေးကတော့ သူ့ရဲ့သားတော်ဖြစ်ပါတယ်။ ဟုတ်တယ်...ဘုရားသခင်ရဲ့ဆေးက လူပုဂ္ဂိုလ်ဖြစ်တယ်။ ကျွန်တော်တို့ ဆေးသောက်တဲ့အခါ ခန္ဓာကိုယ်ထဲကို ဝင်သွားသလိုမျိုးပဲ ယေရှုကိုလည်း ကျွန်တော်တို့အထဲမှာ ရှင်သန်စေဖို့ လိုပါတယ်။ ယေရှုက ကျွန်တော်တို့ကို ဖျားသွားအောင်လုပ်တဲ့ အပြစ်ကို ဖယ်ရှားပေးပါလိမ့်မယ်။ သူမရှိဘဲ ကျွန်တော်တို့ ပြန်ကောင်းလာဖို့ မဖြစ်နိုင်ပါဘူး။ ယေရှုက ကျွန်တော်တို့ကို ဒီလိုပြောထားပါတယ်။ "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။" (ရှင်ယောဟန် ၁၅:၅)

ယေရှုပြုသမျှ အမှုတွေဟာ ဘုရားသခင်က သူ့အားဖြင့် ပြုတော်မူခြင်းဖြစ်ကြောင်း သတိရပါ။ ဒါကြောင့် ကျွန်တော်တို့ကို ပြန်လည်နေကောင်း ကျန်းမာလာအောင် ပြုလုပ်ပေးတဲ့ ဆေးဟာ ယေရှုအားဖြင့် အလုပ်လုပ်နေတဲ့ ခမည်းတော်ဘုရားဖြစ်ပါတယ်။

အပြစ်တွေ ထွက်သွားတဲ့အခါ ကျွန်တော်တို့လည်း ကျွန်တော်တို့ရဲ့ အဖခမည်းတော်လို ပြုမူလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့သည်လည်း အခြားလူတွေအပေါ် နူးညံ့သိမ်မွေ့လာမယ်။ ချစ်ခင်တတ်လာမယ်။ သနားကြင်နာတတ်လာမယ်။ ဘာလို့လဲဆိုတော့ ဘုရားသခင်က နူးညံ့သိမ့်မွေ့တယ်။ ချစ်ခြင်းမေတ္တာဖြစ်တယ်။ သနားကြင်နာတတ်တယ်။

## ရေကြီးခြင်းနှင့် ဘုရားသခင်၏ စာရိတ္တတော်

အခုကျွန်တော်တို့ ဘုရားသခင်ရဲ့အကျင့်စာရိတ္တတော်ကို နည်းနည်းပိုနားလည်လာပြီဖြစ်တဲ့အတွက် ကျမ်းစာထဲက နားလည်ရခက်ခဲတဲ့ အဖြစ်ပျက်တစ်ချို့ကို ဖတ်ကြရအောင်။ ဒီအဖြစ်ပျက်တွေမှာ ဘုရာသခင်က လူသားတွေကို နာကျင်အောင် လုပ်ထားသလိုမျိုး ထင်ရပါတယ်။ ဒါပေမယ့် ဘုရားသခင်က လူသားတွေကို ဘယ်တုန်းကမှ နာကျင်အောင်၊ အသက်အန္တရယ်ရှိအောင် မပြုဘူးလို့ ကျွန်တော်တို့ သင်ယူခဲ့ရပြီးဖြစ်ပါတယ်။ ဘုရားသခင်ဟာ လူတိုင်းအတွက်၊ သူ့ကို မနှစ်သက်တဲ့ လူတွေအပေါ်မှာလည်း အမြဲ သနားကြင်နာတတ်တယ်။ ကမ္ဘာဦးကျမ်းကို ဖတ်ပြီး ကျွန်တော်တို့ရဲ့ပထမဆုံး အဖြစ်ပျက်ကို ဖတ်ကြရအောင်။ အဖြစ်ပျက်ကတော့ ကမ္ဘာတစ်ခုလုံးကို လွှမ်းမိုးခဲ့တဲ့ ရေကြီးခြင်းအကြောင်း ဖြစ်ပါတယ်။

> *"မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံးအကြံစည်တော်ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို၊ ဘုရားသခင်သိမြင်တော်မူလျှင်၊ မြေကြီးပေါ်မှာ လူကိုဖန်ဆင်းတော်မူသည်ကို နောင်တရ၍၊ နှလုံးတော်ပူပန်လျက်ရှိတော်မူ၏။ ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသောလူကိုလည်းကောင်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၆: ၅-၇*

အိုး…မဟုတ်သေးပါဘူး။ ဘုရားသခင် အဲဒီလူတွေအားလုံးကို တကယ်ဖျက်ဆီးပစ်မယ်လို့ ပြောလိုက်တာလား။ သူပြုမူသလို မပြုမူလို့

ဘုရားသခင်က သူတို့ကို နာကျင်မှုတွေ တကယ် ခံစားစေမယ်လို့ ပြောနေတာလား။ ဒီကျမ်းချက်ကို ဖတ်ခြင်းအားဖြင့် ဘုရားသခင်ရဲ့ခံစားချက်တွေက ရောယှက်ရှုပ်ထွေးနေသလိုပါပဲ။ ပထမက သူတို့အတွက် သူတကယ်ဝမ်းနည်းတယ်လို့ပြောတယ်။ နောက်တော့ သူတို့ကို ဖျက်ဆီးပစ်မယ်လို့ ပြောလိုက်ပြန်တယ်။ နောက်တော့ သူတို့အတွက် ဝမ်းနည်းတယ်လို့ ပြောပြန်တယ်။ ဟမ်း…။ ဘုရားသခင်က အဲလိုပဲ စိတ်ပြောင်းလွယ်တဲ့ သူများဖြစ်နေမလား။ မဟုတ်ပါဘူး။ ဘုရားသခင် ဒီလိုပြောထားခဲ့တယ်မလား။ "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းအလျှင်းမရှိ။" (မာလခိ ၃: ၆) ရှင်ပေါလုကလည်း ယေရှုနဲ့ပတ်သက်ပြီး ဒီလိုသဘောမျိုးပြောခဲ့တယ်။ "ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်မြဲ မပြောင်းလဲ နေတော်မူ၏။" (ဟေဗြဲ ၁၃: ၈)

ယေရှုက သူ့အပေါ် ဆိုးညစ်တဲ့သူတွေအပေါ်လည်း သနားကြင်နာစွာ ကူညီတတ်တဲ့အခါ ခမည်းတော်ဘုရားရဲ့အပြုမူအကျင့်စာရိတ္တကိုလည်း ကျွန်တော်တို့ကို ပြသနေတာဖြစ်ကြောင်း သတိရပါ။ သူ့အပေါ် ဆိုးညစ်တဲ့သူတွေ၊ သူနေထိုင်သလို မနေချင်တဲ့သူတွေ အပေါ်မှာလည်း အမြဲသနားကြင်နာစိတ်ရှိတဲ့ ဘုရားဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အကျင့်စာရိတ္တဟာ ဘယ်တော့မှ မပြောင်းတတ်ကြောင်းကိုလည်း ကျွန်တော်တို့ သင်ခဲ့ကြပြီ။ အခုခေတ်ကလူတွေကို ဆက်ဆံသလိုပဲ အရင်ခေတ်က လူတွေကိုလည်း သူဆက်ဆံခဲ့ပါတယ်။ "သင်တို့မူကား ရန်သူတို့ကို ချစ်ကြလော့။ ကျေးဇူးပြုကြလော့။" (လုကာ ၆: ၃၅)

အဲဒီလူတွေဟာ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာ၊အသက်နှင့် ဆိုင်တဲ့ ပညတ်တော်အတိုင်း အသက်မရှင်ကြဘူးဆိုတာကို မြင်တဲ့အခါ သူအရမ်းဝမ်းနည်းခဲ့ရတယ်။ စောစောက လက်ချောင်းကို ပန်ကာထဲထည့်တဲ့ ပုံပြင်ထဲကလို သူတို့ရဲ့လက်ချောင်းတွေကို ပန်ကာထဲထည့်ဖို့ သူတို့

ရွေးချယ်ကြတော့မှာ ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့ နာကျင်အောင် လုပ်ကြတော့မယ်။ ဒါပေမယ့် ဘုရားသခင်က သူတို့ကို အရမ်းချစ်တဲ့အတွက် သူ့ရဲ့ သူငယ်ချင်း နောဧကို လှေသင်္ဘောကြီးဆောက်ဖို့ ပြောခဲ့ပါတယ်။ ဘာလို့ ဒီလိုခိုင်းခဲ့တာလဲ။ နှစ်ပေါင်း ၁၂၀ကြာတဲ့ခါ ကမ္ဘာကြီးတစ်ခုလုံးကို ဖုံးလွှမ်းမယ့် ရေကြီးခြင်း ဖြစ်မယ်ဆိုတာကို ဘုရားသခင် သိလို့ဖြစ်ပါတယ်။ ဘုရားသခင်က လူသားအားလုံးနဲ့တကွ တိရစ္ဆာန်အပေါင်းကို လွှတ်မြောက်စေချင်ခဲ့ပေမယ့် နောဧမိသားစုနဲ့ ရွေးချယ်ခံရတဲ့ တိရစ္ဆာန်တချို့ပဲ ရေကြီးခြင်းကို လွှတ်မြောက်ခဲ့ကြပါတယ်။



ဒါဆို ဘာလို့ ရေကြီးရတာလဲ။ ဘုရားသခင်က သူ့သဘောအတိုင်း အသက်မရှင်တဲ့လူတွေ၊ သူ့ကို မနှစ်သက်တဲ့လူတွေကို ဖျက်ဆီးချင်လို့ ရေကြီးစေခဲ့တာလား။ တချို့ကတော့ ဟုတ်တယ်၊ မှန်ပါတယ်လို့ ပြောကြတယ်။ ဒါပေမယ့် ကလေးတို့နဲ့ ကျွန်တော်ကတော့ ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာဖြစ်ကြောင်း၊ “သင်တို့မူကား ရန်သူတို့ကို ချစ်ကြလော့။ ကျေးဇူးပြုကြလော့။” (လုကာ ၆: ၃၅)လို့ပြောတဲ့အကြောင်း၊ ပြီးတော့

"ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့် စပ်ဆိုင်သော သူ၏အကျိုးကို မဖျက်ဆီးတတ်" ကြောင်း သိကြတယ်။ ယုံကြည်ကြတယ်။

သစ်ပင်တွေက ကျွန်တော်တို့အတွက် အောက်စီဂျင်ပေးသလို ကျွန်တော်တို့ကလည်း သစ်ပင်တွေအတွက် ကာဗွန်ဒိုင်အောက်ဆိုက် ပေးတယ်ဆိုတဲ့ အကြောင်းဆွေးနွေးခဲ့တာကို သတိရကြသေးလား။ ဒါကဘာကိုပြလဲဆိုတော့ ဘုရားသခင်ဖန်ဆင်းတဲ့ အရာအားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေကြတယ်ဆိုတာပဲ။

ဒီကမ္ဘာကြီးအတွက် ဘုရားသခင် ဖန်ဆင်းခဲ့တဲ့ ပထမဆုံး လူသားနှစ်ယောက်က အာဒံနှင့် ဧဝဖြစ်ပါတယ်။ တစ်နေ့တော့ သူတို့က ဘုရားသခင်ရဲ့ သွန်သင်ချက်တွေကို မလိုက်နာဖို့ ရွေးချယ်ခဲ့ကြပြီး အသက်၊ချစ်ခြင်းမေတ္တာနှင့် ဆိုင်တဲ့ ပညတ်တော်ကို ဖောက်ဖျက်မိခဲ့ကြတယ်။ သူတို့က ဘုရားသခင်ရဲ့ နေထိုင်ပုံကို ဆန့်ကျင်ပြီး အပြစ်လုပ်ခဲ့ကြတယ်။ စိတ်ဝင်စားစရာကောင်းတာက ဘာလဲဆိုတော့ သူတို့အပြစ်ရဲ့အကျိုးဆက်သည် သူတို့ကိုသာမက ဒီကမ္ဘာကြီးအပေါ်မှာလည်း သက်ရောက်မှုရှိသွားတာပဲ။ သူတို့ အပြစ်လုပ်ခဲ့ပြီးတော့ ဒီကမ္ဘာကြီးမှာ ဘာတွေဖြစ်လာမယ်ဆိုတာကို ဘုရားသခင်ပြောပြခဲ့တယ်။



"...မြေသည် သင့်အတွက်
ကျိန်ခြင်းကိုခံလျက် ရှိ၏။
မြေ၏အသီးကို တစ်သက်ပတ်လုံး
ပင်ပန်းစွာစားရမည်။
ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့

မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ (ကမ္ဘာဦးကျမ်း ၃: ၁၇-၁၈)

ကလေးတို့ ဆူးပင်ဆူးတာခံရဖူးကြလား။ ဒီဆူးပင်တွေက အပြစ်ကြောင့် ဒီကမ္ဘာကြီးမှာ ပေါက်လာတာဖြစ်တယ်။ လူသားတွေကိုလည်း ဒီမြေကြီးကနေ ဖန်ဆင်းခဲ့တယ်ဆိုတာရော

သိကြရဲ့လား။

> *“ထို့နောက်၊ ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏။ ကမ္ဘာဦးကျမ်း ၂: ၇*

အပြစ်တရားက ဘာဖြစ်လို့ မြေကြီးအပေါ် သက်ရောက်မှုရှိစေတာလဲဆိုတာကို သိကြပြီလား။ ကျွန်တော်တို့ကို မြေကြီးကနေ ဖန်ဆင်းတာဖြစ်လို့ ကျွန်တော်တို့လာရာဖြစ်တဲ့ မြေကြီးသည်လည်း ထိခိုက်မှုဖြစ်လာတာဖြစ်ပါတယ်။ ဟေရှာယကျမ်းထဲမှာ ဒီလိုဖတ်ရတယ်။

> *“ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကို ပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကို ဖျက်ခြင်းအကြောင်းကြောင့်၊ ပြည်တော်သည် ညစ်ညူးခြင်းရှိ၏။ ထို့ကြောင့် ကျိန်တော်မူသော <u>အကျိန်သည် ပြည်တော်ကို လွှမ်းမိုးပြီ။</u> ပြည်သားတို့အပေါ်မှာ အပြစ်ရောက်လေပြီ။ ဟေရှာယ ၂၄: ၅-၆*

ဒီနေရာမှာလည်း ကျွန်တော်တို့ရဲ့ အပြစ်ဇာတိရဲ့ အပြုမူတွေက အစအဦးမှာ ဆူးပင်တွေကို ပေါက်ပွားစေသလိုပဲ ဒီကမ္ဘာကြီးကို ထိခိုက်စေတယ်ဆိုတာ တွေ့ရပြန်ပါတယ်။

ပထမဦးဆုံး ဆူးပင်ပေါက်ခဲ့ပြီး နှစ်ပေါင်း ၄၀၀၀ အကြာမှာ ရောမစစ်သားတွေက ယေရှုကို ဆူးပင်နဲ့ ပြုလုပ်ထားတဲ့ ဦးရစ်ကို သူ့ခေါင်းပေါ်တွင် အတင်းကျပ် ဆောင်းစေခဲ့ကြပါသည်။ ယေရှုက သူသည် ရှင်ဘုရင်ဖြစ်တယ်လို့ ပြောတဲ့အတွက် သူ့ကို လှောင်ပြောင်ကဲ့ရဲ့ခဲ့ကြတယ်။ ယေရှု ဘာပြောချင်တာလဲဆိုတာကို သူတို့မသိခဲ့ကြဘူး။



ယေရှုက ငါသည် ဤလောကမှာရှိတဲ့ တိုင်းနိုင်ငံများနှင့် လုံးဝမတူသော နိုင်ငံတော်၏ ရှင်ဘုရင်ဖြစ်တယ် လို့ပြောချင်တာဖြစ်ပါတယ်။ ယေရှု ပြောတဲ့ နိုင်ငံတော်ဟာ တစ်နေရာမှာ ကိုယ်ထည်ဒြပ်နဲ့ တည်ရှိနေတဲ့ နိုင်ငံတော်မဟုတ်ခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အခြားလူတွေအပေါ် ပြုမူဆက်ဆံပုံ၊ ကျွန်တော်တို့ရဲ့ စဉ်းစားဆင်ခြင်ပုံတွေနဲ့ ဆိုင်တဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ သူ့ရဲ့ နိုင်ငံတော်နှင့် ပတ်သက်ပြီး ယေရှု ဒီလိုပြောခဲ့ပါတယ်။

*"...ကောင်းကင်နိုင်ငံတော်သည် မျက်မြင်သောအရာ၌မတည်။ ဤအရပ်၌ကြည့်ပါ။ ထိုအရပ်၌ကြည့်ပါဟု ပြောစရာအခွင့်မရှိ။ အကြောင်းမူကား၊ ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့အထဲ၌ရှိသည်ဟု မိန့်တော်မူ၏။ လုကာ ၁၇:၂၀-၂၁*



ဒါမထူးဆန်းဘူးလား။ ဘုရားသခင်ရဲ့ နိုင်ငံတော်ဆိုတာ အခြားလူတွေအပေါ် နူးညံ့သိမ်မွေ့ခြင်း၊ ချစ်ခြင်း၊ သနားကြင်နာခြင်းတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဦးနှောက်၊ စိတ်ထဲက အတွေးတွေကို ပြောင်းလဲပြီး၊ ယေရှုတွေးသလို တွေးဖို့၊ ယေရှု ပြုမူသလို ပြုမူဖို့အစပြုခြင်းပဲ ဖြစ်ပါတယ်။

ရှင်ပေါလုကလည်း ဒီလိုပြောခဲ့တယ်။ "ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။" ဖိလိပ္ပိ ၂; ၅ ဘာလို့ ယေရှုရဲ့ စိတ်သဘောမျိုး ကျွန်တော်တို့ဆီမှာ ရှိဖို့လိုအပ်တာလဲ။ ဘုရားသခင်က ဒီလိုပြောခဲ့တယ်။

"ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏အကြံစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံစည်သည် သင်တို့၏အကြံစည်ထက်လည်းကောင်း သာ၍မြင့်၏။" ဟေရှာယ ၅၅: ၈-၉

ဘုရားသခင်ရဲ့ အကြံစည်တွေဟာ ကျွန်တော်တို့ရဲ့ အကြံစည်ထက် များစွာပိုကောင်းတယ်။ ဒါကြောင့်ပဲ ကျွန်တော်တို့က ယေရှု၌ရှိသော စိတ်သဘောကို ကျွန်တော်တို့ဆီမှာလည်း ရှိစေဖို့ လိုအပ်တာဖြစ်ပါတယ်။ ယေရှုရဲ့ စိတ်သဘော ကျွန်တော်တို့ဆီရှိလာတဲ့အခါ ယေရှု ပြုမူသလို ကျွန်တော်တို့လည်း ပြုမူလာနိုင်မှာ ဖြစ်ပါတယ်။

အခြားသူများအပေါ် ကျွန်တော်တို့ရဲ့ အပြုမူတွေကို ဦးနှောက်က ထိန်းချုပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဦးနှောက်နဲ့ နှလုံးသားဟာ

ဆက်စပ်နေကြောင်း သိနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့နှလုံးက ခန္ဓာကိုယ်တစ်လျှောက် သွေးတွေကို လည်ပတ်ပေးပို့ပေးတယ်။ သမ္မာကျမ်းစာက ဒီလိုပြောပြထားတယ်။ "အကြောင်းမူကား၊ ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်၏။" ဝတ်ပြုရာကျမ်း ၁၇: ၁၁

ယေရှုကလည်း ကျွန်တော်တို့ကို ဒီလိုပြောထားတယ်။ "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ရှင်ယောဟန် ၁၄: ၆) ယေရှုက ကျွန်တော်တို့အသက်ကို ထောက်ပံ့နေတဲ့သူဖြစ်တယ်။ သူက ကျွန်တော်တို့ကို အသက်ရှင်စေတယ်။ ဒါကြောင့် ကျွန်တော်တို့ နှလုံးသားထဲမှာ သူ့အသက်ရှင်နေဖို့ လိုအပ်တာဖြစ်ပါတယ်။ ပုရောဖက် ယေရမိက ယေရှုမရှိရင် "စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက်စဉ်းလဲတတ်၏။" (ယေရမိ ၁၇: ၉)လို့ ကျွန်တော်တို့ကို ပြောပြထားတယ်။ စဉ်းလဲတတ်တယ်ဆိုတာက ကျွန်တော်တို့ရဲ့ စိတ်နှလုံးက ကျွန်တော်တို့ကို လိမ်လည်တတ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ ဘုရားသခင်နဲ့ ပတ်သက်ပြီး မမှန်ကန်တဲ့အရာတွေကို စိတ်နှလုံးက ပြောတတ်တယ်။ ဒီအရာကို ပြုပြင်နိုင်ဖို့ ဘုရားသခင်က ကျွန်တော်တို့ကို စိတ်နှလုံးအသစ်ပေးမယ်လို့ ပြောထားပါတယ်။ စိတ်နှလုံးသစ်ဟာ သူ့ရဲ့ ကိုယ်ကျိုးစွန့်တတ်တဲ့ အသက်တော်၊ အပြစ်ထဲမကျရောက်ခင်က ကျွန်တော်တို့ ရရှိခဲ့တဲ့ စိတ်နှလုံးမျိုးနဲ့ ပြည့်ဝနေမှာ ဖြစ်ပါတယ်။



*"စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍၊ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။*

(ယေဇကျေလ ၃၆: ၂၆-၂၇)

ငါ့ဝိညာဉ်ကို သင်တို့အထဲသို့ သွင်းပေးမယ်လို့ ပြောတာက ဘာကိုပြောချင်တာဖြစ်မလဲ။ ဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ ကျွန်တောတို့ရဲ့(PAL) မိတ်ဆွေလိုမျိုးဖြစ်ပါတယ်။

P = အတူရှိခြင်း A = စိတ်နေသဘောထား L = အသက်

ကျွန်တော်တို့အထဲမှာ ရှိတဲ့ ဘုရားသခင်ရဲ့သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာက ကျွန်တော်တို့အထဲမှာ ကိန်းအောင်းနေတဲ့ ဘုရားသခင်ကိုယ်တိုင်နှင့် အတူရှိခြင်း၊ ဘုရားသခင်ရဲ့စိတ်နေသဘောထား၊ ဘုရားသခင်ရဲ့အသက်တော်ပင် ဖြစ်ပါတယ်။ သန့်ရှင်းတယ်ဆိုတာကတော့ သူများကို အထောက်ပံ့ပြုလိုစိတ်ရှိခြင်း ဖြစ်တယ်။ ဘုရားသခင်ကို ဒီလိုမျိုး စဉ်းစားခဲ့ဘူးလား။ ဘုရားသခင်က ကလေးတို့ရဲ့ လုပ်ကျွေးထောက်ပံ့နေတဲ့သူဖြစ်တယ်လို့ တွေးမိကြဘူးလား။

ချစ်တတ်တဲ့ ဖခင်တစ်ဦးအနေနဲ့ သူက ကလေးတို့လိုအပ်တဲ့အရာမှန်သမျှကို ထောက်ပံ့ပေးချင်တဲ့ ဘုရားသခင်လည်း ဖြစ်ပါတယ်။ ဒါကြောင့် သူက

သင်တို့သည် ဘုရားသခင်၏ သွန်သင်ချက်များ၊ ပညတ်တော်များကို လိုက်လျောက်လိုသောသူများ၊ လိုက်လျောက်နိုင်သောသူများ ဖြစ်လာကြလိမ့်မည် လို့ပြောရခြင်းဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သွန်သင်ချက်များ၊ ပညတ်တော်များကို လိုက်လျောက်ခြင်းဟာ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းရဲ့ သဘာဝ အကျိုးရလာဒ် ဖြစ်ပါတယ်။




ကလေးတို့ရဲ့ စကားနားထောင်ခြင်းဟာ အကျိုးတစ်စုံတစ်ရာလိုချင်လို့ မဟုတ်ဘဲ၊ ပြင်းထန်တဲ့ အပြစ်ဒဏ်ကို ရှောင်ချင်လို့ စကားနားထောင်ခြင်းမျိုး မဟုတ်တော့ပါဘူး။ ဘုရားသခင်ကို အမှန်တကယ် ချစ်မြတ်နိုးပြီး၊ အမှုတော်ထမ်းဆောင်တာဖြစ်တယ်။ ယေရှုပြခဲ့သလို အခြားသူများကို ကူညီထောက်ပံ့ခြင်းအားဖြင့် ဘုရားသခင်ရဲ့ အမှုအကျင့်ကောင်းတွေကို ပြသခြင်းအားဖြင့် ဘုရားသခင်ရဲ့ ဘုန်းတော်ထင်ရှားစေခြင်းမျိုး ဖြစ်လာမှာ ဖြစ်ပါတယ်။

ဆိုလိုတာက ကျန်တော်တို့ရဲ့ အပြုမူတွေဟာ ဘုရားသခင်အပေါ် မြင်တဲ့အမြင်အတိုင်း ပြုမူခြင်းမျိုးဖြစ်ပါတယ်။ ဘုရားသခင်ကို ဘယ်လိုမြင်မိလဲ။ ချစ်တတ်တဲ့သူ၊ နူးညံ့သိမ်မွေ့တဲ့သူ၊ သနားကြင်နာစိတ်ရှိတဲ့သူလို့ မြင်ကြရဲ့လား။ ဒါမှမဟုတ် ဆိုးညစ်တဲ့သူ၊ အပြစ်ပေးလို့ရအောင် အမှားတစ်ခုခုလုပ်မိမှာကို စောင့်ကြည့်နေတဲ့သူလို့ မြင်မိကြလား။ ကျွန်တော်တို့ရဲ့ အတွေးခေါ်၊ အပြုမူတွေက ကျွန်တော်တို့ ကိုးကွယ်တဲ့ ဘုရား ဘယ်လိုဘုရားမျိုးလဲဆိုတဲ့ အချက်ပေါ်မူတည်နေပါတယ်။ ဒါကြောင့် ဘုရားသခင်က သူ့ရဲ့ ပညတ်တော်ကို ကျွန်တော်တို့ရဲ့ စိတ်နှလုံး၊ နှလုံးသားထဲမှာ ရေးထိုးချင်တာဖြစ်ပါတယ်။

“နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ ငါသည် သူတို့၏ ဘုရားဖြစ်မည်။ (ထောက်ပံ့သောသူ) သူတို့သည်လည်း ငါ၏လူ(အစေခံ) ဖြစ်ကြလိမ့်မည်။ ဟေဗြဲ ၈: ၁၀

သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်၊ နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ... ထိုမှတစ်ပါး၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့် သဘောတူ၏။




သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်၊ နှလုံးအကြွင်းမဲ့၊ ဉာဏရှိသမျှ၊ အစွမ်းသတ္တိရှိမျှနှင့် ချစ်လော့။



ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့




ငါပေးသော တရားကို ကိုယ်မျက်ဆန်ကဲ့သို့ စောင့်လော့။

သုတ္တံကျမ်း ၇: ၁-၃

သင်၏ နှလုံးအင်းစာရင်း၌ ရေးမှတ်လော့။

ယေရှုက ရောမစစ်သားတွေ သူ့ရဲ့ဦးခေါင်းမှာ ဆူးရစ်သရဖူကို ကြမ်းတမ်းစွာ ဖိဆောင်းစေခွင့် ပြုခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူကျွန်တော်တို့ကို အရမ်းချစ်တဲ့အတွက် ဒီဆူးပင်တွေကို ပေါက်ပွားစေခဲ့တဲ့ ကျွန်တော်တို့ရဲ့ နာကျင်စေတဲ့ အပြစ်တရား၊ ကျွန်တော်တို့ကို အသေသတ်မဲ့အပြစ်တရားကို ကျွန်တော်တို့ ကိုယ်စား သူခံယူခဲ့ရခြင်းဖြစ်ကြောင်း သူပြသချင်လို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စိတ်၊ နှလုံးသားများသည် ဆူးပစ်တွေလိုဖြစ်လာတယ်။ ဆူးတွေက သဘာဝအလှတရားတွေကို ဖုံးအုပ်ထားတော့တယ်။ လှပ၊ နူးညံ့တဲ့ နှင်းဆီပန်းပင်ဟာ ထိခိုက်နာကျင်စေတဲ့ ဆူးပင်တွေဖြစ်လာတယ်။ ဘုရားသခင်က ဒီလောကကြီးကို ကောင်းမြတ်ခြင်း အလုံးစုံနဲ့ ပြည့်နေဖို့ ရည်ရွယ်ခဲ့ပေမယ့် ဒီလောကကြီးဟာ ကောင်းသောအရာ၊ မကောင်းသောအရာတွေနဲ့ ပြည့်နေတဲ့ ကမ္ဘာကြီးဖြစ်ကြောင်း ဆူးပင်၊ပေါင်းပင်တွေက သက်သေဖြစ်တယ်။ ဝမ်းနည်းစရာ ဘယ်လောက် ကောင်းလိုက်လဲ။

အပြစ်ကျရောက်ပြီးတဲ့အခါ ဘုရားသခင်ရဲ့ ကောင်းမြတ်မှု၊ နူးညံ့သိမ်မွေ့မှုတွေဟာ စဉ်းလဲ၊ လှည့်ဖျားတတ်တဲ့ ဆူးပင်တွေက ဖုံးအုပ်၊ ဖုံးကွယ်ထားပါတယ်။ ကျွန်တော်တို့ရဲ့နှလုံးသားတွေဟာ သူ့ရဲ့အချစ်မေတ္တာကိုတွေ့မြင်ခြင်း ဆူးအားဖြင့် စူးစေရန် ဆူးရစ်သရဖူအားဖြင့် သူ့ရဲ့နူးညံ့၊ ချစ်တတ်တဲ့ ဦးခေါင်းကို စူးခွင့်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့အပြစ်ဇာတိသဘောရှိတဲ့ စိတ်သဘောထား၊ စိတ်နှလုံးသားတွေအတွက် ယေရှုက ကားတိုင်တင်ခြင်း ခံခဲ့ရတယ်။ ကျွန်တော်တို့ရဲ့ အတွေးတွေဟာ ဘယ်လောက်မှောင်မိုက်နေခဲ့လဲဆိုတာကို ကျွန်တော်တို့ မတွေ့မြင်နိုင်ခင်မှာပဲ ယေရှုက ပြသခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့် သူကားတိုင်ပေါ်မှာ ရှိနေစဉ်မှာပဲ "မြေတစ်ပြင်လုံး၌ မှောင်မိုက်အတိ" (လုကာ ၂၃: ၄၄)ဖြစ်ရခြင်းဖြစ်တယ်။ သူအသက်တော်စွန့်ခဲ့ပြီးတဲ့အခါ "မြေကြီး လှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏။" ရှင်မဿဲ ၂၇: ၅၁

ယေရှုရဲ့အသေခံခြင်းကြောင့် မြေကြီးအပေါ်မှာလည်း သက်ရောက်မှုရှိတယ်ဆိုတာ သိနိုင်ပြီမလား။ သူ့ရဲ့ဖန်ဆင်းရှင် နာကျင်အောင် ညှင်းဆဲနှိပ်စက်ခံရလို့ မြေကြီးရဲ့ တုန့်ပြန်မှုဖြစ်ပါတယ်။ မြေတစ်ပြင်လုံး မှောင်မိုက်ဖုံးသွားခြင်းက ကျွန်တော်တို့ရဲ့ စိတ်နှလုံးထဲမှာ ဘာတွေဖြစ်နေလဲဆိုတာကို မှန်တချပ်လို ပြသခြင်းလည်း ဖြစ်ပါတယ်။ ဆိုလိုတာက ခမည်းတော် ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝတဲ့ အကျင့်စာရိတ္တတော်ကို ကျွန်တော်တို့ တကယ်နားမလည်နိုင်ကြသေးဘဲ၊ စိတ်ထဲရှုပ်ထွေးနေသေးတယ်လို့ ဆိုလိုပါတယ်။ ဒါပေမယ့် ယေရှုအကြောင့်သာ ကျွန်တော်တို့ မှောင်မိုက်ထဲကနေ ဘုရားသခင်ရဲ့ထာဝရမေတ္တာ၊ ကောင်းမြတ်မှုတွေကို တစ်ဖန်ပြန်မြင်နိုင်တာ ဖြစ်ပါတယ်။ သားသမီးအားလုံးအပေါ် ချစ်တဲ့ စစ်မှန်တဲ့ ဖခင်တစ်ဦးလိုပဲ၊ ကလေးတို့အပေါ် ဘုရားသခင်ရဲ့အချစ်က ဘယ်တော့မှ ရပ်တန့်သွားမှာ မဟုတ်ပါဘူး။

*"မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကိုသိသော ဉာဏ်၏အရောင်ကို ပေးလိုသောငှာ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။" ၂ကော ၄: ၆*

ဘုရားသခင်ရဲ့ဘုန်းတော်ကို သိသောဉာဏ်ကို ရရှိတဲ့အခါ ကျွန်တော်တို့ ယေရှုကို မြင်ကြမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ယေရှုဟာ သူ့ခမည်းတော်နဲ့ ဆင်တူလို့ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ဘုန်းတော်ဆိုတာဘာလဲ။ မောရှေကို ဘုရားသခင် ဘာတွေပြောခဲ့လည်း ဖတ်ရအောင်။

*"တစ်ဖန်တုံ၊ ကိုယ်တော်၏ ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု လျှောက်လျှင်၊ ထာဝရဘုရားက ငါ၏ကောင်းမွန်ခြင်းရှိသမျှကို သင့်ရှေ့၌ ငါလျှောက်သွားစေမည်။*

*ထာဝရဘုရား၏နာမတော်ကိုလည်း၊ သင့်ရှေ့၌ ငါကြွေးကြော်မည်။ ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။ သနားလိုသောသူကိုလည်း သနားမည်။ ထွက်မြောက်ရာကျမ်း ၃၃: ၁၈-၁၉*



ဘုန်းသခင်ရဲ့ဘုန်းတော်ဆိုတာ သူ့ရဲ့ အကျင့်စာရိတ္တပဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အကျင့်စာရိတ္တတော်များဖြစ်တဲ့ နူးညံ့သိမ်မွေ့ခြင်း၊ ချစ်ခြင်း၊ သနားကြင်နာခြင်းတွေက သားတော်ယေရှုအားဖြင့် ကျွန်တော်တို့ရဲ့ ရုပ်ထွေးမယုံကြည်မှု မှောင်မိုက်ကို ထွန်းလင်းခဲ့ပြီးဖြစ်ပါတယ်။ အပြစ်တရားရဲ့မှောင်မိုက်တွေက ကျွန်တော်တို့ကို ထပ်ပြီး လိမ်လည်ခွင့်မပြုကြရအောင်။ ဘုရားသခင်ရဲ့စစ်မှန်သော အကျင့်စာရိတ္တအလင်းတရားကို နှုတ်ကပတ်တော် နေ့စဉ်ဖတ်ရှုခြင်းအားဖြင့် ကျွန်တော်တို့အပေါ် ထွန်းလင်းစေရအောင်။

လေ့လာသင်ယူခဲ့ပြီးသမျှကို ဆင်ခြင်ခြင်းအားဖြင့် ဘုရားသခင်က နောဧကို လေ့သင်္ဘောကြီးဆောက်စေခဲ့တဲ့ အချိန်က ရေကြီးခြင်းကိုဖြစ်စေတဲ့အရာဟာ ကမ္ဘာမြေကြီးကိုယ်တိုင် ပျက်စီးနေခြင်းကြောင့် ဖြစ်နိုင်ချေရှိပါတယ်။ ရေကြီးခြင်း မဖြစ်ခင်က လူတွေ ဘယ်လိုဖြစ်နေကြလဲဆိုတာ တစ်ဖန်သတိပြုကြရအောင်။

*“မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံးအကြံစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက် ရှိကြောင်းကို၊ ဘုရားသခင် သိမြင်တော်မူလျှင်၊” ကမ္ဘာဦးကျမ်း ၆: ၅*

ကျွန်တော်တို့ရဲ့ နှလုံးနဲ့ ဦးနှောက်ဆက်သွယ်ပုံကို နောက်တစ်ခါ ပြန်စဉ်းစားကြည့်ရအောင်။ သူတို့ စိတ်၊ နှလုံးတွေဟာ မကောင်းမှုများနှင့် ပြည့်နေတယ်။ မုန်းစရာကောင်းပြီး၊ အကြမ်းဖက် ပြုမူတတ်ကြတယ်။ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနည်းနာ အတိုင်း အသက်ရှင်ဖို့ကိုလည်း ဂရုမစိုက်ကြဘူး။ သူတို့အကြောင်းပဲ သူတို့စိတ်ဝင်စားကြတယ်။ ငါဘယ်လောက်ထိ ပျော်နိုင်မလဲ ဆိုတာပဲ ဂရုစိုက်ကြတယ်။



သူတို့ရဲ့ ဒီလိုအပြုမူတွေက ကမ္ဘာလောကကြီးအပေါ်မှာရော သက်ရောက်မှုရှိမလား။ အဖြေကို အပိုဒ်ငယ် ၁၁၊ ၁၂မှာ ရှာရအောင်။

*"ထိုအခါ မြေကြီးသည်၊ ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုသောအခါ၊ ပုပ်စပ်လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား၊ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်ကြပြီ။" ကမ္ဘာဦးကျမ်း ၆: ၁၁-၁၂*

ဒီလူတွေရဲ့ အကြမ်းတမ်းတဲ့ အပြုမူတွေဟာ ကမ္ဘာကြီးကို အမှန်တကယ် ပျက်စီးစေခဲ့ပါတယ်။ ဒီလို ကမ္ဘာကြီးပျက်စီးခြင်းဟာ သူတို့ရဲ့စိတ်နှလုံး ဘယ်လောက်ထိကြမ်းတမ်းသလဲဆိုတာ ရောင်ပြန်ဟပ်တဲ့ အရာလိုဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင် ဝမ်းနည်းခဲ့ရတယ်။

ဒီကမ္ဘာကြီး၊ တိရိစ္ဆာန်တွေ၊ လူတွေ တစ်ဦးနှင့်တစ်ဦး မုန်းတီးလာတာ၊ ကြမ်းတမ်းစွာ ဆက်ဆံနေကြတာကို ဘုရားသခင် မနှစ်သက်ခဲ့ပါဘူး။ အကြမ်းဖက် ပြုမူခြင်းကို ဘုရားသခင် မနှစ်သက်ပါ။ ဟေရှာယက ယေရှုသည် "ကြမ်းတမ်းသော အပြုမူ မပြု" လို့ပြောခဲ့ပါတယ်။ (ဟေရှာယ ၅၃: ၉ အင်္ဂလိပ်နှင့် မြန်မာ အဓိပ္ပာယ် အနည်းငယ်ကွဲ့တဲ့အတွက် မူရင်းစာရေးသူ ဆိုလိုရင်းနှင့် ပိုမိုကိုက်ညီစေရန် အင်္ဂလိပ်ဆိုလိုရင်းအတိုင်း ဘာသာပြန်လိုက်ပါသည်။ ဤကျမ်းချက်ကို အင်္ဂလိပ်လို ဖတ်ကြည့်သင့်ပါသည်။) ယေရှုက အကြမ်းဖက် အပြုမူမျိုး ဘယ်တုန်းကမှ မပြုမူခဲ့တဲ့အတွက် ခမည်းတော် ဘုရားလည်း ပြုမူမည်မဟုတ်ကြောင်း ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်။ တကယ်က ဘုရားသခင် ကျွန်တော်တို့ကို "လှည့်စားခြင်းနှင့် ညှဉ်းဆဲခြင်း၏ လက်မှ" (ဆာလံ ၇၂: ၁၄) ကယ်တင်ချင်တာ ဖြစ်တယ်။ တကယ်လို့ ရေးကြီးခြင်းကို ဖြစ်စေတဲ့သူဟာ ဘုရားသခင်သာဆိုရင် သူကြမ်းတမ်းတဲ့ အပြုမူ ပြုမူခဲ့တာဖြစ်နေမှာပေါ့။ ဒါပေမယ့် ဘုရားသခင်က ကြမ်းတမ်းအပြုမူ၊ ညှင်းဆဲတတ်တဲ့အပြုမူတွေကို မနှစ်သက်တဲ့သူ ဖြစ်ပါတယ်။ ဒီလိုပဲ အဲ့လိုအပြုမူမျိုးကိုလည်း ဘယ်တော့ ပြုမူမှာမဟုတ်ပါဘူး။

တစ်ချို့ကတော့ သူ့ရဲ့ပညတ်တော်ကို မလိုက်လျောက်ချင်တဲ့ လူတွေအပေါ် ပျက်စီးခြင်းနဲ့ အကြမ်းဖက်ခြင်းဟာ ဘုရားသခင်ရဲ့တရားစီရင်မှုတစ်ခုပဲလို့ ပြောတတ်ကြတယ်။ ဒါပေမယ့် ဆိုးညစ်တဲ့ ဣသရေလမင်းသားတွေကို ဘုရားသခင် ဘာပြောခဲ့တယ်ဆိုတာ နားထောင်ကြည့်ရအောင်။

“အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အို ဣသရေလမင်းသားတို့၊ ရောင့်ရဲသောစိတ်ရှိကြလော့။ အနိုင်အထက်ပြုခြင်း၊ လုယူခြင်းအမှုတို့ကို ပယ်ရှား၍၊ တရားသောအမှု ဟုတ်မှန်သောအမှုတို့ကို ပြုကြလော့။ နောက်တဖန် ငါ၏လူတို့ကို မညှင်းဆဲမနှိပ်စက်ကြနှင့်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ (ယေဇကျေလ ၄၅: ၉) စစ်မှန်တဲ့ တရားစီရင်ခြင်းဆိုတာ အကြမ်းဖက်အပြုမူ၊ ဖျက်လိုဖျက်စီးပြုတဲ့ အပြုမူမျိုးဘယ်တော့မှ ပြုမူမှာမဟုတ်ပါဘူး။ အဲဒီလိုပဲ ဘုရားသခင်ရဲ့တရားစီရင်ခြင်းဟာ ဖျက်စီးဖို့အတွက် သူကိုယ်တိုင် အကြမ်းဖက်ပြုမူခြင်း ဘယ်တော့မှ လုပ်တာမဟုတ်ရပါဘူး။



နံပတ်တစ်ကို ဖြေမယ်လို့ ကျွန်တော်သေချာသလောက်သိပါတယ်။ ဘုရားသခင်က သူတို့ကို ကယ်တင်ချင်တာဖြစ်တယ်။ နာကျင် ဒုက္ခခံစေချင်တာမဟုတ်ဘူး။ ဘုရားသခင်က သူတို့ကို (ဘုရားသခင်) သူကိုယ်တိုင်ဆီကနေကျရောက်မည့် နာကျင်ခြင်းအတွက် ကာကွယ်နေတာမဟုတ်ဘဲ၊ ရေလွှမ်းမိုးခြင်းကနေ ကာကွယ်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ကလေးတို့ သူငယ်ချင်းရဲ့လက်ချောင်းကို နာကျင်အောင်လုပ်တာ ပန်ကာဖြစ်သလိုပဲ သူတို့ကို နာကျင်ခံစားစေတာက ရေလွှမ်းမိုးခြင်းဖြစ်ပါတယ်။

ကမ္ဘာမြေကြီးကိုယ်တိုင် ကြမ်းတမ်းလာတဲ့အတွက် ကမ္ဘာမြေကြီးရဲ့ အပြုမူတွေလည်း ကြမ်းတမ်းလာဖြစ်တယ်။ ဘုရားသခင်က ကြမ်းကြမ်းတမ်းတမ်းပြုနေခဲ့တာ မဟုတ်ပါဘူး။ ဘုရားသခင် ဘယ်တော့မှ ကြမ်းတမ်းတဲ့ လုပ်ရပ်မျိုး လုပ်မှာမဟုတ်ပါဘူး။ လူတစ်ချို့ကို “သူတို့ပြည်သည်လည်း ညစ်ညူး၏။ ထိုပြည်သည် မိမိသားတို့ကို အော့အန်လိမ့်မည်။” လို့သွန်သင်ခဲ့ဖူးတယ်။ (ဝတ်ပြုရာကျမ်း ၁၈: ၂၅-၂၈)

ဒါပေမယ့် ကျွန်တော်တို့ မေးခွန်းမေးစရာ ရှိတယ်။ ဘုရားသခင်ကို မေးခွန်းမေးရမှာကို မကြောက်ရဘူး။ မေးခွန်းမေးစရာတာက ဘာလဲဆိုတော့ ဘာလို့ကျမ်းစာထဲမှာ ဘုရားသခင်ကိုယ်တိုင်က “ကမ္ဘာပေါ်က သက်ရှိအားလုံးကို ငါဖျက်ဆီးပစ်မယ်။ လူ၊ တိရစ္ဆာန်၊ ငှက်၊တွားသွားတတ်သော သတ္တဝါအားလုံးကို ငါသုတ်သင်ရှင်းလင်းပစ်မယ်။” စသည်ဖြင့် ဘာလို့ပြောခဲ့တာလဲ။ ကမ္ဘာဦးကျမ်း ၆: ၁၃ကို ဖတ်ပါ။)

ဒီကျမ်းချက်က သူတို့အားလုံးကို ဖျက်ဆီးမယ့်သူဟာ ဘုရားသခင်လို့ ပြောနေသလိုရှိပါတယ်။ ဒီလိုနေရာမျိုးမှာ ဘုရားသခင်ရဲ့စာရိတ္တာတော်ကို

ကျွန်တော်တို့ ဘယ်လိုနားလည်ရမလဲ။ ဒါကတော့ ကျမ်းစာတစ်အုပ်လုံးကို ကျွန်တော်တို့ ဘယ်လိုနားလည်သလဲ ဆိုတဲ့အချက်ပေါ် မူတည်ပါတယ်။

တစ်နေ့မှာ ယေရှုက တစ်ယောက်ကိုမေးတယ်။ "ကိုယ်တော်က၊ ပညတ္တိကျမ်း၌ အဘယ်သို့လာသနည်း။ သင်သည် အဘယ်လို့ ဖတ်သနည်းဟု မေးတော်မူလျှင်" (ရှင်လုကာ ၁၀: ၂၆) ဒါကြောင့် ကျွန်တော်တို့ ကျမ်းစာထဲ ဘာလို့ ဒီလိုရေးထားရတာလဲ၊ ဘာအကြောင်းရာကို ရေးထားတာလဲ ဆိုတာတွေကို ကောင်းကောင်း နားလည်ရပါမယ်။ ကျွန်တော်တို့ နားမလည်တဲ့အခါ ကျမ်းစာဆိုလိုချင်တဲ့ အရာမဟုတ်တာကို ကျမ်းစာဒီလိုပြောတယ်လို့ ထင်မှားမိမှာ ဖြစ်တယ်။

ရှင်ပေါလုက လူများစွာက ကျမ်းစာဖတ်တဲ့အခါ သူတို့မျက်လုံးကို တစ်ခုခုဖုံးထားကြတယ်လို့ ပြောခဲ့တယ်။ ဒီမျက်နှာဖုံးက ကျမ်းစာထဲမှာ ရေးထားတဲ့အချိန် မှန်မှန်ကန်ကန် နားမလည်တာမျိုး ဖြစ်စေပါတယ်။


*"သူတို့စိတ်နှလုံးသည် မိုက်မဲလျက်ရှိ၍၊ ယခုတိုင်အောင် ဓမ္မဟောင်းကျမ်းစာကို ဖတ်ကြသောအခါ အနက်အဓိပ္ပာယ်သည် ဖုံးအုပ်လျက်ရှိ၏။ ယခုတိုင်အောင် ... သူတို့စိတ်နှလုံးသည် ဖုံးအုပ်လျက်ရှိသေး၏။ သို့သော်လည်း ဘုရားသခင်ထံတော်သို့ ပြောင်းလဲသောအခါ၊ ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်းလိမ့်မည်။" ၂ကော ၃: ၁၄-၁၆*



ကျမ်းစာကို မှန်မှန်ကန်ကန် သေချာစွာ နားလည်နိုင်စေဖို့ ဘုရားသခင်ကို အကူညီတောင်းရမှာ

ဖြစ်ပါတယ်။ သူ နားလည်တဲ့အတိုင်း ကျမ်းစာကို ကျွန်တော်တို့ နားလည်ဖို့ လိုပါတယ်။

ဆိုတော့ ယေရှုက ကျွန်တော်တို့ကို ဘုရားသခင်အကြောင်း ဘာတွေ သင်ပေးခဲ့ပြီးလဲ။



၁။ ဘုရားသခင်က အန္တရယ်ဖြစ်စေမယ့် အရာတစ်ခုခု လုပ်ခဲ့ဖူးလား။ မလုပ်ပါ။

၂။ ဘုရားသခင်က အကြမ်းဖက် အပြုမူမျိုး ပြုဖူးလား။ မပြုပါ။

၃။ သူ့ကို မချစ်တဲ့လူတွေကို ဘုရားသခင် နာကျင်အောင်လုပ်ခဲ့လား။ မလုပ်ပါ။

၄။ ဘုရားသခင်က ကျွန်တော်တို့ကို ကယ်တင်ချင်တဲ့သူ၊ အနာငြိမ်းစေချင်သူ ဟုတ်ပါသလား။ ဟုတ်ပါတယ်။

ယောဘဝတ္ထုထဲမှာ ရေလွှမ်းမိုးခဲ့ချိန်တဲ့က အဖြစ်ပျက်တွေကို နားလည်ဖို့ ကူညီနိုင်မယ့် အရာတစ်ခုတွေ့ရပါတယ်။

"ကာလအချိန်မစေ့မီ ဖျက်ဆီးခြင်း၊ ရေလွှမ်းမိုး၍၊ အခြေအမြစ်ပယ်ရှင်းခြင်းကို ခံရသောသူတည်းဟူသော ဘုရားသခင်အား ငါတို့ထံမှ ထွက်သွားလော့ဟူ၍လည်းကောင်း၊ အနန္တတန်ခိုးရှင်းသည် ငါတို့အဖို့ အဘယ်သို့ ပြုနိုင်သနည်းဟူ၍လည်းကောင်း၊ ဆိုတတ်သော အဓမ္မလူတို့ လိုက်ဖူးသော လမ်းဟောင်းကို" ယောဘ ၂၂: ၁၅-၁၇ အဤကျမ်းချက်ကိုအင်္ဂလိပ်ကျမ်းလို ဖတ်ရန် တိုက်တွန်းပါသည်။

ရေလွှမ်းမိုးတဲ့ ခေတ်တုန်းကအသက်ရှင်တဲ့ လူတွေက ဘုရားသခင်ကို "ထွက်သွားလော့"လို့ ပြောခဲ့ကြတယ်။ တကယ်လို့ ဘုရားသခင်သာ ထွက်သွားမယ်ဆိုရင် ဘာဖြစ်မယ်လိုထင်လဲ။ ကလေးတို့ရဲ့အဝေးထိန်းခလုတ်နဲ့ ထိန်းလို့ရတဲ့ ကားလေးကို ဘက်ထရီတွေထုတ်ပစ်မယ်ဆိုရင် ဘာဖြစ်မယ်ထင်လဲ။ ထိန်းလို့မရတော့ဘဲ ရွေ့လျားတတ်မှာ မဟုတ်တော့ဘူး။ လူတွေက ဘုရားသခင်ကို တွန်းထုတ်နေကြတဲ့အတွက် ဘုရားသခင်က ဝမ်းနည်းစွာ "ငါ့ဝိညာဉ်သည်(အသက်ကို ပေးစွမ်းနေသောအရာတည်းဟူသော အတူရှိခြင်း) လူတို့တွင် အစဉ်မဆုံးမရ"လို့ ပြောခဲ့ပါတယ်။ (ကမ္ဘာဦးကျမ်း ၆: ၃)

တကယ်လို့ ဘုရားသခင် ထွက်သွားမယ်ဆို အခြားဘာတွေလဲ အလုပ်မလုပ်ဘဲ ရပ်တန့်နေမယ်လို့ ထင်လဲ။ ဘုရားသခင် ထွက်သွားကျောခိုင်းမယ်ဆိုရင် သစ်ပင်တွေ၊ မျက်ပင်တွေလည်း သေသွားမှာဖြစ်တယ်။ နေမင်းကြီးလည်း အလင်းပေးနိုင်တော့မှာ မဟုတ်ဘူး။ ကမ္ဘာပေါ်က ရေပြင်ကြီးတွေလည်း သူတို့နေရမယ့် နေရာမှာ ရှိနေကြမှာ မဟုတ်တော့ဘူး။ ကမ္ဘာကြီးက

ကြမ်းတမ်းခက်ထန်လာပြီး လူသားတွေကို ဖျက်ဆီးခံနေတာကို ဘယ်အရာကမှ တားဆီးနိုင်မှာ မဟုတ်တော့ပါဘူး။

သမ္မာကျမ်းစာ ဘုရားသခင်သည် "သမုဒ္ဒရာ၌ ကန့်ကွက်သော အပိုင်းအခြားကို ရေမလွှမ်းမိုးရမယ်အကြောင်း စီရင်တော်မူသောအခါ" (သုတ္တံကျမ်း ၈: ၂၉) ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က ရေတွေကို သူ့နေရာနှင့်သူ ရှိနေအောင် ထိန်းချုပ်ထားတယ်။ ဘုရားသခင်သာ ကျောခိုင်းထွက်သွားမယ်ဆိုရင် သူ့နှုတ်ကပတ်တော်က ရေတွေကို ထိန်းနေမှာ မဟုတ်တော့ဘူး။ ရေတွေအားလုံး ကမ္ဘာကြီးပေါ်ကို လွှမ်းမိုးသွားမှာ ဖြစ်ပါတယ်။



ဘုရာသခင်က လူသားတွေကို ရေလွှမ်းမိုးခြင်းနဲ့ ဖျက်ဆီးပစ်မယ်လို့ ပြောတဲ့အခါ သူပြောချင်တဲ့ အဓိပ္ပာယ်က အဲ့လိုဖြစ်တယ်။ သူပြောချင်တာက "ငါထွက်သွားမယ်ဆိုရင် နှုတ်ကပတ်တော်က ရေတွေကို ထိန်းချုပ်ထားမှာ မဟုတ်တော့ဘူး။ ဒီလိုဆိုရင် လူတွေအားလုံးပျက်စီးတော့မယ်" လိုပြောချင်တာဖြစ်တယ်။ ဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ နောအားဖြင့် စကားပြောပြီး၊ သူ့ကိုထွက်သွားအောင် မလုပ်ဖို့ တောင်းဆိုနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘုရားသခင်က ရေလွှမ်းမိုးမယ့်အကြောင်း ပြောလေ၊ လူတွေက ပိုပြီးစိတ်ဆိုးလေ၊ သူ့ကို ရပ်တန်းက ရပ်စေချင်လေဖြစ်နေခဲ့တယ်။

ရေကြီးမယ်ဆိုတာ မဖြစ်နိုင်တာ၊ ရှုးကြောင်ကြောင်နိုင်တယ်လို့ သူတို့ထင်ခဲ့ကြပြီး၊ နောကို လှောင်ပြောင်ခဲ့ကြတယ်။ ရေကြီးမယ်ဆိုတာကို မယုံကြည်တဲ့အတွက် သူ့တို့က ဘုရားသခင်ကို ထွက်သွားဖို့၊ သူတို့ကို ဒီအတိုင်းထားခဲ့ဖို့ ပြောခဲ့ကြတယ်။

## ကျွန်တော်တို့ကို
## မနှောင့်ယှက်ပါနဲ့ ကိုယ်တော်



ကျွန်တော်တို့လို လူသားတွေက ဘုရားသခင် ထွက်သွားအောင် ဘယ်လိုလုပ်နိုင်မှာလဲ။ ဘုရားသခင်က ကျွန်တော်တို့ကို အရမ်းချစ်တဲ့အတွက် ကျွန်တော်တို့လိုချင်တာကို ပေးမှာဖြစ်တယ်။ ဘယ်တော့မှ သူ့ကို ချစ်လာအောင် အတင်းကျပ်ခိုင်းမှာ မဟုတ်ဘူး။ တကယ်လို့ ဘုရားသခင် ထွက်သွားပြီး ကျွန်တော်တို့ကို ဒီအတိုင်းထားဖို့ လိုချင်တယ်ဆိုရင် လိုချင်တဲ့အတိုင်း သူကလုပ်ပေးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုအပြုမူမျိုးက ဘုရားသခင်ကို ဝမ်းနည်းစေပါတယ်။ ဘာလို့လဲဆိုတာ သူထွက်သွားပြီး ကျွန်တော်တို့ကိုထားသွားရင် ကျွန်တော်တို့ ဆက်လျက် အသက်ရှင်နိုင်မှာ မဟုတ်မှန်း သူသိလို့ဖြစ်ပါတယ်။ သူက ကျွန်တော်တို့ရဲ့ဘက်ထရီဖြစ်ပါတယ်။ ကျွန်တော်တို့ကို အသက်ရှင်သန်စေတာ သူပဲဖြစ်ပါတယ်။

စောစောက ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်အားဖြင့် အရာအားလုံးကို ထိန်းချုပ်ထားကြောင်း ကျွန်တော်တို့ သင်ယူခဲ့ပြီး ဖြစ်ပါတယ်။ယေရှုဟာ ဘုရားသခင် ကျွန်တော်တို့ကိုပေးတဲ့ ဆေးဖြစ်ကြောင်း ကျွန်တော်တို့ ပြောခဲ့ပြီးတာကို သတိရတယ်မလား။ သမ္မာကျမ်းစာထဲမှာ ယေရှုရဲ့

အခြားနာမည်ရှိသေးတယ်လို့ ပြောထားတယ်။ အဲ့နာမည်က "နှုတ်ကပတ်တော်" ဖြစ်ပါတယ်။ (ဗျာဒိတ်ကျမ်း ၁၉: ၁၃) ရှင်ယောဟန်က "အစအဦး၌ နှုတ်ကပတ်တော်(ယေရှု)ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ... နှုတ်ကပတ်တော်(ယေရှု)သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။" (ရှင်ယောဟန် ၁: ၁-၃)

ယေရှုက အရာခပ်သိမ်းကို ခမည်းတော်ပေးတဲ့ အစွမ်းတန်ခိုးနဲ့ ဖန်ဆင်းခဲ့တယ်။ အရာခပ်သိမ်းကို ထိန်းချုပ်ထားတဲ့သူက အစကတည်းက ယေရှုဖြစ်နေတယ်။ ရှင်ပေါလုက ယေရှုသည် "ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက်၊..." (ဟေဗြဲကျမ်း ၁: ၃)

ဘုရားသခင်ကို ထွက်သွားဖို့ လူတွေပြောခဲ့တဲ့အချိန်က အရာခပ်သိမ်းကို မစထိန်းချုပ်ထားတာ နှုတ်ကပတ်တော်ဖြစ်ကြောင်းကို သူတို့မသိခဲ့ကြဘူး။ သူတို့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ငြင်းပယ်ခဲ့ကြတယ်။ နှုတ်ကပတ်တော်ဖြစ်တဲ့ ယေရှုကို ငြင်းပယ်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ ဒါကိုနားလည်တဲ့သူက နောဧတစ်ယောက်ထဲပဲ ရှိခဲ့တယ်။ ဘုရားသခင်က အပြစ်နဲ့ပြည့်နေတဲ့ လူသားတွေကို ကြည့်ရှုတဲ့အခါ အခြားလူတွေက မယုံကြည်ခဲ့ကြပေမယ့် နောဧရဲ့ မိသားစုက ဘုရားသခင်ရဲ့ဂရုဏာတော်ကို တွေ့မြင်၊ ယုံကြည်၊ လက်ခံခဲ့ကြတယ်။ (ကမ္ဘာဦးကျမ်း ၆: ၈) ယေရှုကို ဖမ်းဆီးပြီး ကပ်တိုင်ပေါ်မှာ တင်ခဲ့ကြတဲ့ လူတွေလိုပဲ ရေလွှမ်းမိုးတုန်းက အသက်ရှင်ခဲ့တဲ့ လူတွေက သူတို့ကို ယေရှု အကူညီပေးခွင့် မပေးခဲ့ကြဘူး။

ဘာလို့ ဘုရားသခင်က ကျွန်တော်တို့ လူသားတွေ ယေရှုရဲ့လက်တော်ကို ကားတိုင်မှာ သံမှိုနဲ့ ရိုက်နှက်ခွင့် ပြုခဲ့ရတာလဲ။ သမ္မာကျမ်းစာထဲမှာ “လက်”ဆိုရင် ကျွန်တော်တို့ရဲ့အလုပ် လုပ်ကိုင်ပုံကို ကိုယ်စားပြုထားတယ်။



(ဆာလံ ၉၂: ၄, သုတ္တံကျမ်း ၃၁: ၃၁, ဟေရှာယ ၅၉: ၆)

ယေရှုရဲ့လက်တော်ကို ကားတိုင်ပေါ်မှာ ရိုက်ထားခြင်းက ကျွန်တော်တို့ရဲ့ယေရှုရဲ့ ကိုယ်ကျိုးစွန့်ပြခဲ့တဲ့အမှုတွေ၊ ချစ်ခြင်းမေတ္တာကို မုန်းတီးတဲ့ ဇာတိသဘောကို ပြသလိုက်တာဖြစ်တယ်။ ကျွန်တော်တို့ကို မစနေတဲ့ သူ့ရဲ့အမှုတော်တွေကို ရပ်တန့်စေဖို့ ကျွန်တော်တို့ ကြိုးစားနေခြင်းလည်း မည်ပါတယ်။

ယေရှုက “ထိုနည်းတူ၊ သူတစ်ပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ၊ သူတစ်ပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။” လို့ပြောခဲ့တယ်။ (ရှင်မဿဲ ၅: ၁၆)



ဘုရားသခင်က ကျွန်တော်တို့ လူသားတွေ ယေရှုရဲ့ခြေတော်ကို ကားတိုင်မှာ သံမှိုနဲ့ ရိုက်ထားခွင့် ပြုခဲ့တာလဲ။
သမ္မာကျမ်းစာထဲမှာ
“ခြေထောက်”လို့ပြောတဲ့အခါ ကျွန်တော်တို့

အသက်ရှင်လျှောက်လှမ်း ပုံကို ကိုယ်စားပြုပါတယ်။ (ဆာလံ ၅၆: ၁၃, ဟဗက္ကုတ် ၃: ၁၉)

ယေရှုရဲ့ခြေတော်ကို ကားတိုင်မှာ ရိုက်ထားခြင်းက ဘုရားသခင် ကျွန်တော်တို့ ခမည်းတော်ကို ကျွန်တော်တို့ရဲ့အသက်ထောက်ပံ့ပေးတဲ့ ဘက်ထရီအဖြစ် လက်ခံဖို့၊ ယေရှုလို သူ့ခမည်းတော်အပေါ် မှီခိုဖို့ကို၊ မုန်းတီးနေတဲ့ ဇာတိသဘောကို ဖော်ပြပါလိုက်ခြင်းပဲဖြစ်တယ်။ ယေရှုရဲ့ခြေရာတော်အတိုင်း နာခံလိုက်လျှောက်ဖို့၊ ယေရှု ကျွန်တော်တို့အတွက် အသနားခံပေးတဲ့ ဘုရားသခင်ရဲ့ကရုဏာတော်ကို လက်ခံဖို့ ငြင်းပယ်တာဖြစ်တယ်။ ယေရှုရဲ့သူငယ်ချင်း ပေတရုက "အကြောင်းမူကား၊ ထိုသို့အလို့ငှာ သင်တို့ကိုခေါ်တော်မူပြီ၊ ခရစ်တော်သည် ငါတို့အတွက် ခံတော်မူသည်ဖြစ်၍ ၊ ခြေရာတော်ကို လိုက်လျှောက်စေခြင်းငှာ ပုံသက်သေကို ထားတော်မူပြီ။ ထိုသခင်သည် ဒုစရိုက်ကိုမပြု၊ နှုတ်တော်၌လည်း မုသားကို ရှာမတွေ့၊ ကဲ့ရဲ့ခြင်းကို ခံရသောအခါ၊ ပြန်၍မကဲ့ရဲ့၊ အသေခံရသောအခါ ခြိမ်းခြောက်ခြင်းကို မပြု၊ တရားသဖြင့် စီရင်တော်မူသောသူ၌ ကိုယ့်ကိုကိုယ် အပ်နှံတော်မူ၏။" ၁ပေ ၂: ၂၁-၂၃

ကျွန်တော်တို့ လူသားတွေ ယေရှုရဲ့လက်တော်၊ ခြေတော်တွေကို သံမှိုနဲ့ရိုက်ခဲ့ကြတယ်။ ဝမ်းနည်းမိရဲ့လား လို့မေးခဲ့ရင်၊ ဝမ်းနည်းတာပေါ့။ သူ့ရဲ့ အကျင့်စာရိတ္တတော်နဲ့ ပတ်သက်ပြီး သူ့ရဲ့သားတော်ကို ကားတိုင်တင် အသေသတ်ရလောက်တဲ့ထိ နားမလည်၊ မှားယွင်းခဲ့ကြကြောင်း ဘုရားသခင်ကို ကျွန်တော်တို့အားလုံး ခွင့်ပြုဖို့ ကျွန်တော့်ရဲ့ဆုတောင်းဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ကြောက်စရာကောင်းတဲ့ အမှားကို တွေ့မြင်ရတဲ့အခါ၊ ခမည်းတော်ဘုရား ကျွန်တော်တို့ကို ဘယ်လောက်ထိ ချစ်ကြောင်း၊

ဂရုစိုက်ကြောင်း အမှန်တကယ် နားလည်လာတဲ့အခါ၊ သူ့ဆီ၊ သူ့ရဲ့နည်းလမ်းများဆီ ကျွန်တော်တို့ ပြန်လှည့်လာဖို့ သူဘယ်လောက်ထိ လိုချင်ကြောင်း အမှန်တကယ် နားလည်တဲ့အခါ၊ ကျွန်တော်တို့ အသက်တာပြောင်းလဲချင်လာမယ်။ သူ့ရဲ့ ပညတ်တော်ဟာ ကျွန်တော်တို့ရဲ့နှလုံးသားထဲမှာ ရေးမှတ်ထားလျက်ရှိမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်လာတဲ့အခါ ကျွန်တော်တို့အသက်တာသည် ယေရှုရဲ့ အကျင့်စာရိတ္တကို ရောင်ပြန်ဟပ်တဲ့ ကြည့်မှန်လို ဖြစ်လာမှာ ဖြစ်တယ်။ ကျွန်တော်တို့သည် ယေရှုလိုပဲ တွေးခေါ်လာမယ်။ ယေရှုလိုပဲ အလုပ် လုပ်မယ်။ ယေရှုအသက်ရှင်တဲ့ နည်းအတိုင်း ရှင်သန်မယ်။ ယေရှုလိုပဲ ချစ်လာနိုင်မှာ ဖြစ်တယ်။

ယေရှုသည် အရာခပ်သိမ်းကို သူ့နေရာနဲ့သူ စနစ်တကျ ထိန်းချုပ်ထားတဲ့ သူဖြစ်ကြောင်း ရေမလွှမ်းခင်က အသက်ရှင်တဲ့လူတွေ မေ့ခဲ့သလို ကျွန်တော်တို့ မေ့လို့မရပါဘူး။

"ရှေးကာလ၌ မိုးကောင်းကင်ကိုလည်းကောင်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သော မြေကြီးကိုလည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်(ယေရှု)သည် ဖြစ်စေတော်မူကြောင်းနှင့်၊ ဖြစ်ဖူးသော လောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမြှုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ် မရှိကြ။ ယခုရှိသော မြေကြီးမူကား၊ … ထိုနှုတ်ကပတ်တော်(ယေရှု)အားဖြင့် သိုထားလျက်ရှိ၍၊ … ။" ၂ပေ ၃: ၅-၇



တစ်နေ့တော့ ယေရှုနဲ့ သူ့ရဲ့ သူငယ်ချင်းတွေက လှေစီးပြီး ခရီးထွက်ခဲ့ကြတယ်။ မုန်တိုင်းကြီး တိုက်ခတ်လာပြီး သူ့သူငယ်ချင်းတွေက လှေနှစ်မြုပ်သွားမှာကို အရမ်းထိတ်လန့်ကြောက်ရွံ့ခဲ့ကြတယ်။ ယေရှုကိုကြည့်တော့ သူအိပ်ပျော်နေတာကို တွေ့ရကြတယ်။ ယေရှုကို နိုးပြီးတော့ ကူညီပေးဖို့ တောင်းပန်ခဲ့ကြတယ်။ "ကိုယ်တော်သည် ထ၍တိတ်ဆိတ်ငြိမ်ဝပ်စွာနေဟု လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် လေသည်ငြိမ်၍၊ အလွန်သာယာလေ၏။" မာကု ၄: ၃၉

တကယ်လို့ လူတွေက ဘုရားသခင်ရဲ့နှုတ်ကပတ်တော်(ယေရှု)ကို ယုံကြည်ခဲ့ကြမယ်ဆိုရင် ကမ္ဘာမြေကြီးနှင့် ပင်လယ်တို့ကလည်း ငြိမ်သက်ပြီးတော့ ရေလွှမ်းမိုးတာမျိုး ဖြစ်မှာမဟုတ်ဘူး။

ဘုရားသခင်ကို ထွက်သွားအောင် အဝေးကိုတွန်းပို့နေခြင်းဟာ ရေလွှမ်းမိုးခြင်း ဖြစ်လာစေတဲ့အရာ ဖြစ်ပါတယ်။ လူတွေကို ဖျက်ဆီးပစ်တဲ့သူက ရေလွှမ်းမိုးခြင်းဖြစ်တယ်။ ယေရှုက လူတစ်စုကို ရေလွှမ်းမိုးတဲ့ ပုံပြင်ပြန်ပြောတဲ့အခါ "..ရေလွှမ်းမိုးခြင်းဖြစ်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှင်းသည်..။" (လုကာ ၁၇: ၂၇) လို့ပြောခဲ့တယ်။ ယေရှုက ဘုရားသခင်ဖျက်ဆီးပစ်တယ်လို့ မပြောခဲ့ဘူး။ ရေလွှမ်းမိုးခြင်းက သုတ်သင်ပယ်ရှင်းတယ်လို့ ပြောထားတယ်။ ယေရှုက ဘုရားသခင်ရဲ့

နှုတ်ကပတ်တော်ဖြစ်ကြောင်းကိုလည်း သတိရပါ။ သူက "...ငါသည် ကိုယ်အလိုအလျောက် မည်သည့်အမှုကိုမျှ မပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်...။" လို့ပြောခဲ့တာကိုလည်း သတိရပါ။ ရှင်ယောဟန် ၈: ၂၈

ဘုရားသခင်က လူတွေကို ဖျက်ဆီးပစ်မယ်လို့ ပြောတဲ့အခါ ရေလွှမ်းမိုးခြင်းက သူတို့ကို ဖျက်ဆီးပစ်ဖို့ ခွင့်ပြုထားတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ သူတို့က ဘုရားသခင်ရဲ့အကူညီကို မလိုချင်ပေမယ့်၊ ဘုရားသခင်က သူတို့ကို ချစ်တဲ့အတွက်၊ ဝမ်းနည်းစွာနဲ့ သူတို့ရဲ့ဘဝအတွက် သူတို့ကို ရွေးချယ်ခွင့် ပေးခဲ့တာဖြစ်ပါတယ်။

## အီဂျစ်ပြည်က ကပ်ဘေးဆယ်ပါးနှင့် ဘုရားသခင်၏ စာရိတ္တတော်

ဘုရားသခင် ဆိုးညစ်သလိုထင်ရတဲ့ အခြားအဖြစ်ပျက်တစ်ခု အကြောင်းပြောရအောင်။ ဘုရားသခင်က ဣသရေလလို့ခေါ်တဲ့ လူတစ်စုနဲ့အတူ ကြီးမြတ်တဲ့အမှုတွေကို လုပ်ဆောင်ချင်ခဲ့တယ်။ ဒါပေမယ့် ဒီလူစုတွေ အီဂျစ်(အဲဂုတ္တု)လို့ခေါ်တဲ့ လူတွေရဲ့ကျွန်ပြုခြင်းခံခဲ့ရတယ်။



အီဂျစ်လူတွေက ဣသရေလလူမျိုးတွေကို တင်းကျပ်စွာ

အလုပ်ကြမ်းကို ကြိုးစားလုပ်ဆောင်ခိုင်းတယ်။ ဘုရားသခင်က အဲ့လူနှစ်စုလုံးကို

ချစ်ပေမယ့် ဣသရေလ လူမျိုးတွေအပေါ် အီဂျစ်လူမျိုးတွေရဲ့ဆိုးညစ်မှုကို ရပ်တန့်စေချင်တယ်။ ရေလွှမ်းမိုးခြင်း မတိုင်မီက လူတွေလိုပဲ အီဂျစ်လူမျိုးတွေရဲ့ ဆိုးညစ်တဲ့အပြုမူတွေက သူတို့ပြည်ထဲမှာ ကပ်ဘေးကြီးတွေ ကျရောက်စေတော့မယ်။ ဒီကပ်ဆိုးကြီးတွေရဲ့ဘေးဒဏ်က ကာကွယ်နိုင်ဖို့ ဘုရားသခင်က မောရှေလို့ခေါ်တဲ့ လူတစ်ယောက်ကို အီဂျစ်ခေါင်းဆောင်တွေဆီ စေလွှတ်ခဲ့တယ်။



အီဂျစ်ပြည်ရဲ့ခေါင်းဆောင်ကို ဖာရောလို့ခေါ်တယ်။ မောရှေက ဖာရောမင်းဆီမှာ ဣသရေလလူမျိုးတွေကို လွတ်လပ်ခွင့်ပေးပြီး ထွက်သွားခွင့် ပေးဖို့ ပြောခဲ့တယ်။ သူတို့က ထွက်သွားခွင့်မပြုဘူးဆိုရင် ဘုရားသခင်က သူတို့အပေါ်မှာ ကပ်ဘေး ၁၀ခုစေလွှတ်မယ်လို့ ပြောခဲ့တယ်။ ကပ်ဘေးဆိုတာ အရမ်းကြောက်စရာကောင်းတဲ့ အနာရောဂါ၊ ခြင်ကောင် အုပ်စု၊ အနာစိမ်း၊ နေ့ခင်းမှာ တောင်မှ အမှောင်ထုဖြစ်ခြင်း စတဲ့အရာတွေဖြစ်တယ်။ ဒါဆို ဘုရားသခင်က အီဂျစ်လူမျိုးတွေအပေါ်မှာ အရမ်းဆိုးဝါးတဲ့ အရာ ၁၀ခုကို တကယ် ကျရောက်စေတော့မှာလား။ ဘုရားသခင်က မကောင်းတဲ့အရာ တစ်ခုခုလုပ်ဖူးလို လို့လား။

ဒီကပ်ဘေး တစ်ခုခုဖြစ်တော့မယ်ဆိုရင် ကပ်ဘေး မကျရောက်ဖို့ ဖောရောမင်းက မောရှောဆီမှာ ဘုရားသခင်ကို ဆုတောင်းပေးဖို့ တောင်းဆိုလို့ရပါတယ်။ ဘုရားသခင်က အချိန်တိုင်း ကပ်ဘေးကို ရပ်တန့်စေခြင်းအားဖြင့်

အီဂျစ်လူမျိုးတွေအပေါ်မှာ သနားကြင်နာစိတ်ကို ပြသလေ့ရှိတယ်။ ဒါပေမယ့် ဘုရားသခင်က သနားကြင်နာမှု ပြသတဲ့အချိန်တိုင်း ဖာရောမင်းက ပိုပိုပြီးဆိုးညစ်လာလေ့ရှိတယ်။ ဒီလိုဖြစ်ပျက်နေတဲ့အရာတွေအပေါ်မှာလည်း အရမ်းစိတ်မောခဲ့ရတယ်။ ဣသရေလလူတွေကို သူလွတ်လပ်စွာ ထွက်သွားခွင့် မပေးချင်ဘူး။ သူက အရမ်းခေါင်းမာခဲ့တယ်။

နောက်ဆုံးတော့ ကပ်ဘေး ဆယ်ပါးမြောက်ရောက်ရှိလာတယ်။ ဘုရားသခင်က ဖာရောမင်းဆီမှာ သူ့လူမျိုးတွေရဲ့သားဦးတွေအပေါ် မကောင်းတဲ့ အရာတစ်ခု ဖြစ်တော့မယ်လို့ သတိပေးခဲ့တယ်။ သားဦးဆိုတဲ့အခါ မိသားစုထဲမှာ အကြီးဆုံးသားပေါ့။ ဘုရားသခင်က

"အကြောင်းမူကား၊ ယနေ့ညတွင် အဲဂုတ္တုပြည်ကို ငါသည် ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏သားဦးများနှင့် ... ဒဏ်ခတ်၍။"
ထွက်မြောက်ရာကျမ်း ၁၂: ၁၂

အို့...ဘုရားသခင် ဒီလူငယ်တွေအားလုံးကို တကယ် ဒဏ်ခတ်မှာလား။ ဒီနေရာမှာ ဘုရားသခင်ရဲ့စကားတော်ကို ကျွန်တော်တို့ ဘယ်လို နားလည်ရမလဲ။ ရေလွှမ်းမိုးခြင်းအကြောင်းကို ကျွန်တော်တို့ သင်ခဲ့သလိုပဲ ဒီအကြောင်းကိုလည်း အဲလိုပဲ နားလည်ဖို့လိုပါတယ်။ ဘုရားသခင်က လူတွေကို ရေလွှမ်းမိုးခြင်းနဲ့ သုတ်သင်မယ်လို့ ပြောခဲ့တယ်မလား။ ဒါပေမယ့် လူတွေက ဘုရားသခင်ကို မောင်းထုတ်လို့ ရေလွှမ်းမိုးခြင်းက ဖြစ်လာရခြင်း ဖြစ်တဲ့အကြောင်း ကျွန်တော်တို့ သင်ခဲ့ပြီးဖြစ်ပါတယ်။

ဒီကပ်ဘေး ဆယ်ပါးရော ဘယ်လို နားလည်ရမလဲ။ ဘုရားသခင်က ဒီလူငယ်တွေကို တကယ် သုတ်သင်မယ်လို့ ထင်လား။ ဒါမှမဟုတ် ရေလွှမ်းမိုးခဲ့တုန်းကလိုပဲ သူတို့ကို သုတ်သင်ဖို့ ဘုရားသခင်က တစ်ခုခုဖြစ်ပျက်ဖို့

ဒါမှမဟုတ် တစ်ယောက်ယောက်ကို ခွင့်ပြုခဲ့တာလို့ ထင်လား။ မှန်တာပေါ့။ ဘုရားသခင်က မကောင်းတဲ့အရာကို ခွင့်ပြုခဲ့တာဖြစ်တယ်။

ဒါပေမယ့် သူက အီဂျစ်လူမျိုးတွေ အပါဝင် လူသားအားလုံးကို လုံခြုံစေမယ့် အခွင့်ရေးပေးခဲ့ပါတယ်။ သိုးသူငယ်ရဲ့ အသွေးကို သူတို့ရဲ့ အိမ်တံခါးထိပ်မှာ သုတ်လိမ်းထားဖို့ လူအပေါင်းကို ပြောခဲ့တယ်။ ထူးဆန်းတယ်နော။ ဒီအကြောင်းကို နောက်မှ ပြောကြတာပေါ့။ သူတို့ကို ဘုရားသခင် ဘာပြောခဲ့လဲဆိုတာ ဖတ်ရအောင်။

> *"အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှာ ထုတ်ချင်းခပ်သွားတော်မူမည်။ တံခါးထုပ်နှင့်၊ တံခါးတိုင်နှစ်ဖက်၌ရှိသော အသွေးကိုမြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကိုလွန်သွားတော်မူမည်။ **ဖျက်ဆီးသောသူသည်** သင်တို့ကို ဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ဝင်ရသောအခွင့်ကို ပေးတော်မမူ၊"*
> *ထွက်မြောက်ရာကျမ်း ၁၂:၂၃*

ဒီနေရာမှာ အရမ်းအရေးကြီးတဲ့ အရာတစ်ခုကို သတိပြုမိလား။ ကျွန်တော်ကတော့ သူတို့ကို သုတ်သင်မယ့်သူက ဘုရားသခင်မဟုတ်ဘူးဆိုတာ သတိပြုမိတယ်။ သုတ်သင်တဲ့သူက "ဖျက်ဆီးသောသူ" လို့ခေါ်တဲ့ တစ်စုံတစ်ယောက် ဖြစ်နေတယ်။ သွေးကိုမြင်တဲ့အခါ ဖျက်ဆီးသောသူကို "ဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ ဝင်ရသောအခွင့်ကိုပေးတော်မမူ"လို့ ဘုရားသခင်က ပြောထားတယ်။

လူတစ်ချို့က ဒီ "ဖျက်ဆီးသောသူ"ကို "သေမင်း ကောင်းကင်တမန်"လို့လည်းခေါ်ကြတယ်။ ဒီကောင်းကင်တမန်က ဘုရားသခင်ရဲ့ ကောင်းမြတ်တဲ့ ကောင်းကင်တမန်ထဲက တစ်ယောက်ဖြစ်မယ်လို့ ထင်လား။ ကောင်းမြတ်တဲ့ ကောင်းကင်တမန်တွေက လူတွေကို မဖျက်ဆီးဘူးလေ။

ဒီကောင်းကင်တမန်က မကောင်းတဲ့၊ ဆိုးညစ်တဲ့ ကောင်းကင်တမန်ဖြစ်ပါတယ်။ ဆာလံကျမ်းထဲမှာ အီဂျစ်လူမျိုးတွေအပေါ် ဘေးဒုက္ခရောက်စေတဲ့ သူတွေက ဆိုးညစ်တဲ့ ကောင်းကင်တမန်တွေဖြစ်တယ်လို့ ပြောထားတယ်။

> *"အဲဂုတ္တုပြည်၌ လက္ခဏာသက်သေတော်ကိုလည်းကောင်း၊... ထိုပြည်သားတို့ ရေကိုမသောက်ရမည်အကြောင်း၊ သူတို့ မြစ်ရေ၊ စမ်းရေများကို သွေးဖြစ်စေတော်မူ၏။ သူတို့ကို ကိုက်စားတတ်သော ယင်ရဲတို့ကိုလည်းကောင်း၊ ဖားတို့ကိုလည်းကောင်း စေလွှတ်တော်မူ၏။ သူတို့မြေအသီးနှံကို ခါသိလကျိုင်းတို့အား လည်းကောင်း၊... သူတို့စပျစ်နွယ်ပင်များကို မိုးသီးဖြင့်လည်းကောင်း၊ သူတို့သဖန်းပင်များကို နှင်းခဲဖြင့်လည်းကောင်း၊ ဖျက်ဆီးတော်မူ၏။ ... အမျက်တော်အရှိန်အားဖြင့် သူတို့၌* ***ဆိုးသောတမန်တို့ကို*** *စေလွှတ်၍၊ လွှမ်းမိုးခြင်း၊ ဒေါသခတ်ခြင်း၊ နှောင့်ယှက်ခြင်းအမှုကို ဖြစ်စေတော်မူ၏။" ဆာလံကျမ်း ၇၈: ၄၃-၄၉*

ဒီကပ်ဘေးဒုက္ခအားလုံးကို ဖြစ်စေတဲ့သူက ဆိုးသောတမန်တွေဖြစ်နေပြန်တယ်။ ဆိုးသောတမန်တွေက ကောင်းတဲ့ ကောင်းကင်တမန်တွေ မဟုတ်ဘူး။ အကောင်းနဲ့ အဆိုးက ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

တစ်နေ့သော ဥပုသ်နေ့မှာ ယေရှုက အကောင်းနဲ့ အဆိုးကြားက ခြားနားချက်အကြောင်း လူတွေကိုသင်ပေးခဲ့တယ်။ "ဥပုသ်နေ့၌ အဘယ်သို့ ပြုအပ်သနည်း။ ကျေးဇူးပြုအပ်သလော။ သူ့အကျိုးကို ဖျက်ဆီးအပ်သလော။ အသက်ကို ကယ်အပ်သလော၊ သတ်အပ်သလောဟု..." (ရှင်လုကာ ၆: ၉)

ယေရှုဒီလိုပြောတဲ့အခါ ကောင်းမှုဆိုတာ အသက်ကို ကယ်တင်ခြင်းဖြစ်ကြောင်း၊ ဆိုးသောအမှုဆိုတာ အသက်ကို သတ်ခြင်းဖြစ်တယ်လို့ သင်ပေးနေတာလည်း

ဖြစ်ပါတယ်။  ဘုရားသခင်က ဆိုးတဲ့အမှုတစ်ခုမှ မလုပ်တဲ့အတွက် သူက ဘယ်တော့မှ လူတွေကို ဖျက်ဆီးမှာမဟုတ်ကြောင်း သိနိုင်ပါတယ်။ ဆိုးသောတမန်တွေက ဘုရားသခင်အတွက် အလုပ်မလုပ်ကြဘူး။ သူတို့က “ဖျက်ဆီးသောသူ”အတွက် အလုပ်လုပ်ကြတာဖြစ်တယ်။ ဒါဆို “ဖျက်ဆီးသောသူ”က ဘယ်သူဖြစ်မလဲ။

*“သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျို(ဖျက်ဆီး)ရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ ၁ပေ ၅: ၈*



မာရ်နတ်ဆိုတာက တစ်ချိန်က ဘုရားသခင်ရဲ့ ကောင်းကင်တမန်ထဲက တစ်ယောက်ဖြစ်တယ်။ နောက်ပိုင်းမှာ သူဟာ အရမ်း တစ်ကိုယ်ကောင်းဆန်ပြီး၊ ကိုယ်ကျိုးရှာတဲ့သူ ဖြစ်လာတယ်။ မာရ်နတ်ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲဆိုတော့ လိမ်ညာသူဖြစ်တယ်။ သူက ဘုရားသခင်အကြောင်း၊ ဘုရားသခင်ရဲ့ သားတော်အကြောင်းတွေကို လိမ်ညာရတာနှစ်သက်တဲ့သူဖြစ်တယ်။ သူတို့ရဲ့ အကျင့်စာရိတ္တတွေနဲ့ ပတ်သက်ပြီး သူအလိမ်ညာစကားတွေပြောတယ်။ ဘုရားသခင်ဟာ ကိုယ်ကျိုးပဲရှာတတ်တဲ့ တစ်ကိုယ်ကောင်းဆန်တဲ့သူလို့ လိမ်ပြောလေ့ရှိတယ်။ မာရ်နတ်ဟာ လူတွေကို နာကျင်စေဖို့ အမြဲကြိုးစားတယ်။ အီဂျစ်လူမျိုးတွေကို နာကျင်အောင်လုပ်တဲ့ ဖျက်ဆီးသူဟာ သူပဲဖြစ်တယ်။

ကျွန်တော်တို့ ဖတ်ခဲ့တဲ့ ဆာလံကျမ်းထဲက ကျမ်းပိုဒ်ထဲမှာ ဘုရားသခင် ပြသခဲ့တဲ့ အမျက်တော်အရှိန်အားဖြင့် အီဂျစ်(အဲဂုတ္တု)လူများအပေါ်မှာ လို့ ပြောတဲ့အခါ ဘာကိုဆိုလိုချင်တာဖြစ်မလဲ။ ဘုရားသခင်ရဲ့အမျက်တော်အရှိန်ကို ဘယ်လိုမျိုးဖြစ်မယ်လို့ ထင်လဲ။ ကျွန်တော်တို့ ဒေါသထွက်သလိုမျိုးဖြစ်မယ်လို့ ထင်လား။ မတူပါဘူး။ ယေရှုရဲ့အကူညီသာမပါဘူးဆိုရင် ကျွန်တော်တို့ ဒေါသတွေက အရမ်းဆိုးရွားမှာ ဖြစ်ပါတယ်။ ယေရှုရဲ့ညီ ဂျိမ်း(ယာကုပ်)က ဒီလိုရေးထားတယ်။ "လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်။" ရှင်ယာကုပ် ၁:၂၀

ကျွန်တော်တို့ ဒေါသအမျက်ထွက်တဲ့အခါ ကျွန်တော်တို့ မိမိကိုယ်မိမိ ဒါမှမဟုတ် အခြားသူများအတွက် နာကျင်မှုဖြစ်စေပါတယ်။ ဘုရားသခင်ရဲ့ဒေါသအမျက်က ဒီလိုမဟုတ်ဘူး။ ခြားနားတယ်။ ဘုရားသခင်ရဲ့ အမျက်ဒေါသဆိုတာက သူထွက်သွားဖို့ အတင်းကျပ်ဖိအားပေးခံရတဲ့အခါ သူ့စိတ်ထဲမှာ ခံစားရတဲ့ ဝမ်းနည်းစိတ်ပဲဖြစ်တယ်။ သူထွက်သွားရင် ဖျက်ဆီးသောသူ လူတွေကိုနာကျင်အောင်လုပ်ဖို့ အခွင့်ပြုလိုက်ရခြင်း ဖြစ်လို့လည်းဖြစ်တယ်။ လူသားတွေလည်း မိမိကိုယ်မိမိ နာကျင်အောင်လုပ်မိဖို့ ခွင့်ပြုလိုက်ရခြင်းမျိုးလည်း ဖြစ်နေလို့ဖြစ်ပါတယ်။ ခြားနားကွားခြားချက်ကို မြင်နိုင်ရဲ့လား။



ဘုရားသခင်ရဲ့ အမျက်ဒေါသက ဒီလိုမဟုတ်ဘူး။

*ဘုရားသခင် အမျက်ဒေါသကို ဘယ်လိုပြတတ်လဲဆိုတာ အခြားဥပမာတွေနဲ့ လေ့လာရအောင်။ ဘုရားသခင်က မောရှေကို အီဂျစ်ပြည်မှာသွားပြီး ဣသရေလလူမျိုးတွေဆီမှာ စကားသွားပြောဖို့ တောင်းဆိုတဲ့အခါ မောရှေက "အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။" လို့*

*ပြန်ဖြေခဲ့တယ်။ ဘုရားသခင်က "**သင်၏နှုတ်၌ ငါရှိ၍၊ သင်သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်**" လို့ပြန်ပြောတယ်။ မောရှေက ဘုရားသခင်အပေါ် အပြည့်ဝမယုံကြည်သေးတဲ့အတွက် ဒီလိုတောင်းဆိုတဲ့တယ်။ "**အလိုတော်ရှိသောသူ၏ လက်တွင်ပေးလိုက်တော်မူပါ။**" ဆက်ပြီးဘာရေးထားမယ်လို့ ထင်လဲ။ "**ထာဝရဘုရားသည် မောရှေအား အမျက်ထွက်၍၊** လေဝိလူအာရုန်သည် သင်၏အစ်ကိုဖြစ်သည်မဟုတ်လော။ သူသည်ကောင်းမွန်စွာ ပြောတတ်သည်ကို ငါသိ၏။ ... သင်၏နှုတ်၌လည်းကောင်း၊ သူ၏နှုတ်၌လည်းကောင်း ငါရှိ၍ သင်တို့သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်။  သူသည်လည်း လူတို့ရှေ့မှာ သင်၏စကားပြန်လုပ်၍၊ သင်၏နှုတ်ကိုယ်စားဖြစ်လိမ့်မည်။" ထွက်မြောက်ရာကျမ်း ၄: ၁၀-၁၆*

ဘုရားသခင်က သူအမျက်ထွက်တဲ့အခါ ဘယ်လိုပြတတ်လဲဆိုတာ သတိထားမိလား။ အော်ဟစ်ပြီးတော့ အနားမှာရှိတဲ့အရာမှန်သမျှကို လွှင့်ပစ်၊ ကန်ပစ်တာမျိုးသူ မလုပ်ခဲ့ဘူး။ မောရှေကိုတောင် နာကျင်အောင် သူမလုပ်ခဲ့ဘူး။ သူလုပ်ခဲ့တာဆိုလို့ မောရှေလိုချင်တဲ့အရာဖြစ်တဲ့ သူ့ကိုယ်စား စကားပြောပေးမယ့်သူကို အတိကျလိုက်လျောပေး လိုက်တာပဲရှိတယ်။

သမ္မာကျမ်းစာရဲ့ အခြားစာအုပ်တွေမှာ ရှင်ဘုရင်ဒါဝိဒ်အကြောင်း ကျွန်တော်တို့ ဖတ်ရတယ်။ ဒါဝိဒ်မင်းကြီးက အခြားစစ်တပ်တွေကို တိုက်ခိုက်ဖို့ လိုအပ်တဲ့ စစ်အင်အားရှိမလားလို့ သိချင်တဲ့အတွက် လူဦးရေကို ရေတွက်ချင်တယ်။ ဒါပေမယ့် ဘုရားသခင်က သူ့ကိုမရေတွက်စေချင်ဘူး။ ဒါဝိဒ်မင်းကြီးအနေနဲ့ သူ့ကိုသာ ယုံကြည်လိုက်ဖို့ ဘုရားသခင်အလိုတော်ရှိတယ်။ ဘုရားသခင်က သူ့လူမျိုးတွေကို အခြားလူမျိုးတွေနဲ့ စစ်တိုက်ဖို့ မလိုလားခဲ့ဘူး။

သမ္မာကျမ်းစာထဲမှာ ဒီအကြောင်းနဲ့ ပတ်သက်လို့ ဘယ်လိုရေးထားလဲ ကြည့်ရအောင်။

*"နောက်တစ်ဖန် ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက်တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူနှင့် ယုဒလူတို့ကို ရေတွက်စေခြင်းငှာ၊ ဒါဝိဒ်ကို တိုက်တွန်းလေ၏။" ဓမ္မရာဇဝင် ဒုတိယစောင် ၂၄: ၁*

ဒီမှာပြောထားတာက ဘုရားသခင် အမျက်ဒေါသထွက်တဲ့အတွက် စာတန်က ယုဒလူတို့ကိုရေတွက်ဖို့ တိုက်တွန်းတယ်လို့ ရေးထားတယ်။ အခြားကျမ်းစာအုပ်ထဲမှာလည်း ဒီလိုရေးထားတယ်။

"နောက်တစ်ဖန် စာတန်သည် ဣသရေလအမျိုးတစ်ဖက်၌ထ၍ ဣသရေလအမျိုးသားတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကို တိုက်တွန်းလေ၏။" ရာဇဝင်ချုပ် ပထမစောင် ၂၁: ၁

ဒီမှာ ဘာဖြစ်နေလဲဆိုတာ မြင်နိုင်ရဲ့လား။ အမျိုးသားတို့ကို ရေတွက်အောင်လုပ်တဲ့သူက စာတန်ဖြစ်တယ်လို့ ရေးထားတယ်။ စာတန်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က "ရန်သူ" ဖြစ်တယ်။ စာတန်ဆိုတာ မာရ်နတ်ရဲ့ အခြားနာမည်တစ်ခုပေါ့။ သူက လိမ်လည်နေတဲ့ ရန်သူဖြစ်တယ်။ ယေရှုက လိမ်လည်သူစာတန်မာရ်နတ်ရဲ့ အကြောင်းကို ဒီလိုပြောထားတယ်။ "မာရ်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကိုသတ်သောသူဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့်၊ သစ္စာတရား၌မတည်မနေ။ သူသည်မုသားကို ပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသားစကား၌ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။" ရှင်ယောဟန် ၈: ၄၄

ဒါဝိဒ် ဘုရားသခင်ကို မယုံကြည်စေဖို့ သွေးဆောင်နေတဲ့သူက စာတန်ဖြစ်တယ်။ ဒါဝိဒ်က စာတန်ရဲ့နည်းလမ်းကို ရွေးချယ်လိုက်တဲ့အခါ ဘုရားသခင်က ဝမ်းနည်းစွာ ဘေးဖယ်လိုက်တယ်။ လူတွေကို ရေတွက်ဖို့ စာတန်သူကို သိမ်းသွင်းခွင့် ခွင့်ပြုလိုက်ခြင်းအားဖြင့် ဒါဝိဒ်လိုချင်တဲ့ ဆန္ဒကိုဖြည့်ဆီးပေလိုက်တယ်။ သူ့သွန်သင်ချက်တွေကို မလိုက်လျောက်ချင်တဲ့ လူတွေအပေါ် ဘုရားသခင်ရဲ့ အမျက်ဒေါသကို ပြသတဲ့နည်းလမ်း ဖြစ်ပါတယ်။ ဘုရားသခင်နဲ့ သားတော်ကို ယုံကြည်ခြင်းက ပိုပြီးကောင်းမယ်လို့တော့ ကျွန်တော်ထင်တယ်။ ကလေးတို့ရော ဘယ်လိုထင်ကြလဲ။ သူတို့က ကလေးတို့ကို အမြဲလုံခြုံအောင် ထားမှာဖြစ်တယ်။

*"တစ်ဖန်မိန့်တော်မူသည်ကား၊ ငါသည် သင်တို့ကို အကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံမဟုတ်ဘဲ၊ သင်တို့သည် မျှော်လင့်သောအကျိုးကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဖို့ ကြံစည်သောအကြံတို့ကို ငါသိ၏။" ယေရမိ ၂၉: ၁၁*



## မီးမြွေများနှင့် ဘုရားသခင်၏ စာရိတ္တတော်

အီဂျစ်လူမျိုးတွေကို တိုက်ခိုက်တဲ့ ဖျက်ဆီးသောသူဟာ စာတန်ဖြစ်တဲ့အကြောင်း ပိုပြီးသက်သေပြဖို့ အခြားအဖြစ်ပျက်တစ်ခုဖြစ်တဲ့ အဆိပ်ပြင်းမြွေတွေအကြောင်းကို ဖတ်ရအောင်။

အဖြစ်ပျက်က ဣသရေလလူမျိုးတွေ အီဂျစ်ပြည်က ထွက်သွားပြီး၊ တောကြီးထဲမှာ လည့်လည်နေတဲ့အချိန်မှာပေါ့။ လူတွေက ဘုရားသခင်နဲ့ မောရှေဆီမှာ ညည်းညူမကျေမနပ်ပြုဖို့ အစပြုလာကြတယ်။ "လူများတို့သည် ရေငတ်၍ မောရှေကို အပြစ်တင်မြည်တမ်းလျက်၊ ငါတို့မှစ၍ သားသမီးတိရစ္ဆာန်တို့ကို အငတ်ထား၍၊ သတ်ခြင်းအလိုငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်းဟုဆိုကြ၏။" ထွက်မြောက်ရာကျမ်း ၁၇: ၃

သူတို့က ဘုရားသခင်ဆိုတာ အမှားတစ်ခုခုလုပ်မိရင် လူတွေကို နာကျင်အောင် အပြစ်ပေးတတ်တဲ့ သူလို့ထင်ခဲ့ကြတယ်။ ဘုရားသခင်ဆိုတာ အီဂျစ်လူမျိုးတွေကိုးကွယ်တဲ့ ဘုရားတွေလိုပဲ ပြုမူမယ်လို့ ယုံကြည်ကြတယ်။ ဒါပေမယ့် ဘုရားသခင်က အဲ့လို လုံးဝမပြုမူခဲ့ပါဘူး။ လူတွေကို နာကျင်အောင် သူမလုပ်ချင်ပါဘူး။ ကျွန်တော်တို့ကို အမြဲတမ်း ကာကွယ်ချင်တဲ့ သူဖြစ်ပါတယ်။ ဒါပေမယ့် ဒီမှာလည်း နည်းနည်းနားလည်ရခက်တဲ့ အဖြစ်ပျက်တစ်ခုအကြောင်း ကျွန်တော်တို့ ဖတ်ရတယ်။



*"ထိုအခါ ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍၊ လူအများတို့သည် အကိုက်ခံရသဖြင့် သေကြ၏။ တောလည်ရာကျမ်း ၂၁: ၆*

ဘုရားသခင် အရမ်းဒေါသထွက်တဲ့အတွက် တကယ်ပဲ မီးမြွေတွေကို စေလွှတ်ပြီး လူတွေကို ကိုက်ခိုင်းမယ်လို့ ထင်မိလား။ ကျွန်တော်လည်း မထင်ပါဘူး။ ဒါဆို ဒီနေရာမှာ ဘာတွေဖြစ်ပျက်နေတာလဲ။

အခြားကျမ်းစာအုပ်တစ်ခုမှာ မီးမြွေတွေက အဲဒီနေရာတစ်ဝိုက်မှာ ရှိနှင့်နေပြီးသားဖြစ်ကြောင်း၊ ဘုရားသခင်က သူတို့ကို မီးမြွေတွေရဲ့ဘေးရန်ကနေ အချိန်တိုင်း ကာကွယ်နေခဲ့တာဖြစ်ကြောင်းရေးထားတယ်။

> *"သင်သည် မာနထောင်လွှားခြင်းသို့ ရောက်၍၊ အထက်အကျွန်ခံရာနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူဆောင်မူထသော၊ မီးမြွေ၊ ကင်းမြီးကောက်များ၍ ရေမရှိ၊ အငတ်ခံရာအရပ်၊ ကြောက်မက်ဖွယ်သော တောကြီးအလယ်၌၊ သင့်ကိုပို့ဆောင်၍ မီးကျောက်ထဲက ရေကိုထွက်စေတော်မူထသော၊" တရားဟောရာကျမ်း ၈: ၁၄-၁၅*

ဣသရေလလူအမျိုးသားအပေါင်းက ညည်းညူးမြည်တမ်းနေကြခြင်းအားဖြင့် ဘုရားသခင်ကို တွန်းထုတ်ခဲ့ကြတယ်။ ကျွန်တော်တို့ ဘုရားသခင်ကို တွန်းထုတ်ပြီး၊ ကျွန်တော်တို့ကို ဒီအတိုင်းထားဖို့ ပြောတဲ့အခါ ဘာတွေဖြစ်တတ်လဲဆိုတာ မှတ်မိကြသေးလား။ ဟုတ်တာပေါ့။ မကောင်းတဲ့အရာတွေပဲ ဖြစ်လာတတ်တယ်။ ဘုရားသခင်ရဲ့ပညတ်တော်က သူတို့ကို နံရံကြီးတစ်ခုလို ဘေးအန္တရာယ်က ကာကွယ်ပေးတယ်။ ဒါပေမယ့် ပညတ်တော်ကို ချိုးဖောက်ရင် မီးမြွေတွေရဲ့ ဘေးရန်က အကာကွယ်မဲ့သွားမယ်ဆိုရာကို နားမလည်ဘဲ သူတို့က ပညတ်တော်ကို ချိုးဖောက်ဖို့ ရွေးချယ်ခဲ့ကြတယ်။

> "တွင်းကိုတူးသောသူသည် ထိုတွင်းထဲသို့ ကျလိမ့်မည်။ ခြံကိုဖျက်သောသူသည် မြွေကိုက်ခြင်းကို ခံရလိမ့်မည်။" ဒေသနာကျမ်း ၁၀: ၈

ဒါကြောင့်နောက်တစ်ခါပြန်ပြောရရင် သမ္မာကျမ်းစာထဲမှာ ဘုရားသခင်က မကောင်းတဲ့အရာတစ်ခုခု ဖြစ်စေတာ၊ စေလွှတ်တာမျိုး ဖတ်ရတဲ့အခါ ဘုရားသခင်က လုပ်ဆောင်တာမျိုးမဟုတ်ဘဲ၊ ဖြစ်ပွားခွင့်ပြုလိုက်တာဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်ထားရပါမယ်။ ရှင်ပေါလုကလည်း ဒီအဖြစ်ပျက်အကြောင်း ရေးထားတာရှိတယ်။ သူဘာပြောထားလဲဆိုတာ သေသေချာချာ သတိပြုရအောင်။

> *"ထိုသူအချို့တို့သည် စုံစမ်းနှောင့်ယှက်ခြင်းကို ပြု၍၊ မြွေဖြင့်ပျက်ဆီးသကဲ့သို့ ငါတို့သည်မပြု၊ ခရစ်တော်ကို မစုံစမ်းမနှောင့်ယှက်ဘဲနေကြကုန်အံ့။ ထိုသူအချို့တို့သည် မြည်တမ်းခြင်းကို ပြု၍၊ **ဖျက်ဆီးသောသူ**၏ လက်ဖြင့် ပျက်စီးသကဲ့သို့မဟုတ်၊ မြည်တမ်းခြင်းကို မပြုကြနှင့်။" ၁ကော ၁၀: ၉-၁၀*

ဒီမှာလည်း ဖျက်ဆီးသောသူအကြောင်း တွေ့ရပြန်တယ်။ သူက မကောင်းမှု၊ ပြဿနာဒုက္ခပေါင်းစုံကို ဖြစ်အောင်လုပ်ရတာ နှစ်သက်တယ်။ အခြားကျမ်းစာအုပ်တစ်ခုမှာလည်း မီးမြွေတွေလိုပဲ ပြုမူတတ်တဲ့ ဖျက်ဆီးသောတမန်ဟာ မာရ်နတ် တစ်နည်းအားဖြင့် စာတန် ဖြစ်တဲ့အကြောင်း ပြောပြထားပါတယ်။

> *"ထိုအခါ လောကတစ်နိုင်ငံလုံးကို လှည့်ဖြား၍ မာရ်နတ်စာတန်အမည်ရှိသော ရှေးဟောင်းမြွေတည်းဟူသော နဂါးကြီးကိုလည်းကောင်း၊ သူနှင့်အတူ သူ၏တမန်တို့ကိုလည်းကောင်း၊ မြေကြီးသို့ ချလိုက်ကြ၏။" ဗျာဒိတ်ကျမ်း ၁၂: ၉*

ဘုရားသခင်က စာတန်ကို အီဂျစ်ပြည်ကို ဖျက်ဆီးခွင့်၊ အမြဲဒုက္ခပေးနှောင့်ယှက်ဖို့ ခွင့်ပြုခဲ့သလို၊ ဒါဝိဒ်မင်းကြီးက ဣသရေလအမျိုးသားအပေါင်းကို ရေတွက်အောင် စာတန်အား သွေးဆောင်ခွင့် ပေးခဲ့သလို၊ စာတန်က

ဣသရေလအမျိုးသားအပေါင်းကို မီးမြွေအားဖြင့် ဖျက်ဆီးခွင့် ဘုရားသခင်ပေးခဲ့ပါတယ်။ ဘာလို့ ဘုရားသခင်က ခွင့်ပြုရတာလဲ။ ဘုရားသခင်က ကျွန်တော်တို့ အသက်တာကို မိမိသဘောနဲ့ တစ်ကိုယ်ကောင်းဆန်စွာ နေထိုင်ဖို့ ရွေးချယ်တဲ့အခါ ဘာတွေဖြစ်တတ်လဲဆိုတာကို ပြသဖို့ ခွင့်ပြုတာဖြစ်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ နားလည်လာတဲ့အခါ အသက်တာပြောင်းလဲလိုတဲ့စိတ် ရှိလာမယ်။ ဘုရားသခင်ရဲ့အကူညီကို တောင်းခံဖို့ ဆန္ဒရှိလာမယ်။ အဆင်သင့်ဖြစ်လာမယ်။



လူအပေါင်းက လမ်းခရီးတစ်လျှောက်လုံး သူတို့ကို ဘုရားသခင် ကွယ်ကာခဲ့တယ် ဆိုတာ နားလည်လာတဲ့အခါ ဘုရားသခင်အကူညီပေးဖို့ သူတို့ဆုတောင်းခဲ့ကြတယ်။ ကြေးနီကို မြွေဖြစ်စေပြီး၊ တိုင်ပေါ်မှာ ချိတ်ဆွဲဖို့ မောရှေကို ဘုရားသခင် ပြောခဲ့တယ်။ ကြေးနီမြွေကို မော့ကြည့်ပါက အနာပျက်ကင်း ကျန်းမာလာမယ်လို့ ဘုရားသခင်က သူတို့ကို ပြောတယ်။ မော့ကြည့်တဲ့လူအားလုံး အမှန်တကယ် အနာပျောက်ကင်းပြီး ကျန်းမာလာကြတယ်။

ယေရှု ဒီလောကမှာ အသက်ရှင်နေခဲ့စဉ်က နိကောဒင်လို့ခေါ်တဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ နိကောဒင်က ယေရှုကို မေးခွန်းမြောက်များစွာ မေးခဲ့တယ်။ ယေရှုက သူ့ကို "မောရှေသည် တော၌မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်းတည်း။" ရှင်ယောဟန် ၃: ၁၄-၁၅

ယေရှုက သူကားတိုင်ပေါ်မှာ အတင်ခံရမယ့်အချိန်ကို ပြောနေတာဖြစ်တယ်။ မောရှေ မြှောက်ထားတဲ့ ကြေးနီမြွေက ယေရှုရဲ့ကားတိုင်တင်ခံရခြင်းအကြောင်း သင်ခန်းစာဖြစ်ပါတယ်။

ဒါပေမယ့်၊ သတိထားဖို့က မြွေက စာတန်ကို အမြဲကိုယ်စားပြုတယ်ဆိုတာပဲ။ ယေရှု ကားတိုင်တင်ခံရတဲ့အခါ၊ စာတန်ကို သူအနိုင်ယူနိုင်ခဲ့ပြီး၊ စာတန်ရဲ့ လိမ်လည်မှုအားလုံးကို အဆုံးသတ်နိုင်ခဲ့တယ်။ သူသည် သိုးသူငယ်လိုပဲ နူးညံ့သိမ်မွေ့ပြီး၊ စာတန်သည် မြွေလိုပဲ ဆိုးညစ်၊ ဖျက်ဆီးတဲ့သူဖြစ်ကြောင်း၊



ဘုရားသခင်ရဲ့အကျင့်စာရိတ္တတော်အကြောင်း လိမ်လည်လှည့်ဖျားနေတဲ့သူဖြစ်ကြောင်း ကျွန်တော်တို့ကို ပြသခဲ့ပါတယ်။ ဟေရှာယက ယေရှုအကြောင်း ဒီလိုပြောထားသေးတယ်။

> *"ထိုသူသည် ညှဥ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာ ဆောင်သွားသော သိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။" ဟေရှာယ ၅၃: ၇*

ဘုရားသခင် ဣသရေအပေါင်းကို သူတို့အိမ်တံခါးရှေ့မှာ သိုးသူငယ်ရဲ့အသွေးကို သုတ်လိမ်းဖို့ ဘာလို့ပြောခဲ့တာလဲဆိုတာ မြင်နိုင်ပြီလား။ သိုးသူငယ်က အခြားလူတွေအပေါ် နူးညံ့သိမ်မွေ့မှု၊ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာစိတ်စတဲ့အရာတွေနဲ့ ပြည့်နေတဲ့ ဘုရားသခင်ရဲ့နိုင်ငံတော်ကို ဖော်ပြတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ထဲက လူတွေဟာ အခြားသူများအပေါ် အမြဲ ချစ်ခင်ကြင်နာစိတ်နဲ့ ဆက်ဆံတယ်။ သူတို့အပေါ် ကြင်ကြင်နာနာ မဆက်ဆံတဲ့သူတွေကိုလည်း သူတို့က ကြင်ကြင်နာနာဆက်ဆံကြတယ်။

မြွေက တစ်ကိုယ်ကောင်းဆန် ကိုယ်ကျိုးရှာမှု၊ ဆိုးညစ်မှုတွေနဲ့ ပြည့်နေတဲ့ စာတန်မာရ်နတ်ရဲ့နိုင်ငံတော်ကို ကိုယ်စားပြုတယ်။ စာတန်ရဲ့နိုင်ငံတော်ထဲက လူတွေဟာ အခြားသူတွေ မကောင်းတဲ့အရာတွေ၊ ချစ်ခြင်းမေတ္တာနဲ့မသက်ဆိုင်တဲ့အရာတွေကို လုပ်ဆောင်ဖို့ အတင်းကျပ် အကျပ်ကိုင် လုပ်ဆောင်ခိုင်းရတာကို နှစ်သက်ကြတယ်။ ဘုရားသခင်ကို ဖျက်ဆီးသောသူနဲ့တူအောင် လုပ်တဲ့၊ တကယ့်ဖျက်ဆီးသူ၊ လိမ်လည်လှည့်ဖျားသူ အမှန်ဟာ စာတန်ဖြစ်တဲ့အကြောင်း၊ ကျွန်တော်တို့ရဲ့တကယ့်ရန်သူဟာ စာတန်ဖြစ်တဲ့အကြောင်း ယေရှုရဲ့အသက်တော်စွန့်ခြင်းအားဖြင့် ကျွန်တော်တို့ကို ပြသခဲ့ပါတယ်။ ယေရှုရဲ့အသက်တော်စွန့်ခြင်းက သူနဲ့ဘုရားသခင် ကျွန်တော်တို့ကို ဘယ်လောက်ထိချစ်တဲ့အကြောင်း၊ သူ့အသက်ကို သတ်ဖို့ထက်၊ သူတို့အသက်ကို ပိုပြီးစွန့်ချင်တဲ့သူတွေဖြစ်တဲ့အကြောင်း ပြသလိုက်ပါတယ်။

ဒီစာအုပ်ငယ်က ဘုရားသခင်ရဲ့အကျင့်စာရိတ္တတော်အကြောင်းကို ကလေးတို့ ပိုနားလည်လာဖို့ အကူညီဖြစ်စေဖို့ ကျွန်တော်ဆုတောင်းပါတယ်။ ဒီစာအုပ်ထဲက အသိမြင်တွေ၊ လမ်းညွှန်ချက်တွေက သမ္မာကျမ်းစာထဲ အခြားအဖြစ်ပျက်တွေဖြစ်တဲ့ သောဒုံနှင့် ဂေါမောရ၊ ယေရိခေါတိုက်ပွဲ၊ နာကျင်ခြင်း၊ သေခြင်းတွေရဲ့အဆုံးသတ် ငရဲအိုင် စတာတွေကို နားလည်ဖို့အတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ပါတယ်။ အမြဲမှတ်မိနေရမှာက ယေရှုအသေခံလို့ ကျွန်တော်တို့အပြစ်ကို ဘုရားသခင် ခွင့်လွှတ်တာမဟုတ်ဘူး ဆိုတာပဲ။ ကားတိုင်ပေါ်မှာ အသေခံတဲ့ ယေရှုက ခမည်းတော်ဘုရားရဲ့နှလုံးသားက သူ့ရဲ့ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝတဲ့ စိတ်ထဲမှာ ကျွန်တော်တို့ကို ခွင့်လွှတ်ပြီးသားဖြစ်ကြောင်း ဖော်ပြနေပါတယ်။ ကျွန်တော်တို့လုပ်ရမှာက ရိုးရိုးလေး လက်ခံပြီး၊ ယုံကြည်ဖို့ဖြစ်ပါတယ်။

စာတန်က ကောင်ကင်ဘုံမှာရှိတဲ့ အဖကို ကျွန်တော်တို့ ကြောက်ရွံ့အောင် အရှုးလုပ်ခဲ့ပြီးဖြစ်တယ်။ သူကျွန်တော်တို့ကို ချစ်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ သူ့သဘောအတိုင်းပြုမူရမယ်ဖို့ တောင်းဆိုတဲ့သူအဖြစ် စာတန်က ကျွန်တော်တို့ကို လိမ်ညာခဲ့တယ်။ သူပြောခဲ့အရာအားလုံးက လုံး၀အမှားတွေဖြစ်ပါတယ်။ ရှင်ယောဟန်က "ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။" (၁ယော ၄: ၁၉)လို့ရေးထားပါတယ်။ ကျွန်တော်တို့ ကောင်းမြတ်နေလို့ ဘုရားသခင် ကျွန်တော်တို့ကို ချစ်တာမဟုတ်ပါဘူး။ ဘာလို့လဲ။ ယေရှုက "ဘုရားသခင် တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏" (ရှင်လုကာ ၁၈: ၁၉)လို့ပြောခဲ့တယ်။ ကျွန်တော်တို့အထဲမှာ သူ့ရဲ့ ဝိညာဉ်တော်အသက်ရှင်နေခြင်းအားဖြင့် ဘုရားသခင်တစ်ပါးတည်းကသာ ကျွန်တော်တို့ ကောင်းမြတ်စေနိုင်ပါတယ်။ ကျွန်တော်တို့ ခွင့်ပြုမယ်ဆိုရင် သူကကျွန်တော်တို့ရဲ့ အပြစ်(တစ်ကိုယ်ကောင်းစိတ်)၊ ကျွန်တော်တို့ရဲ့ မသိနားမလည်မှုတွေကနေ ကယ်တင်မှာ ဖြစ်တယ်။ သူဘာလို့ ဒီလိုလုပ်ရတာလဲဆိုတော့ ကျွန်တော်တို့ကို ချစ်လို့ဖြစ်ပါတယ်။ သူဘာလို့ ကျွန်တော်တို့ကို ရှိတဲ့အတိုင်း လက်ခံရတာလဲဆိုတော့ ကျွန်တော်တို့က သူ့ရဲ့ သားသမီးတွေဖြစ်နေလို့ ဖြစ်ပါတယ်။



ဘုရားသခင်ရဲ့စာရိတ္တအမှန်က ဘယ်လိုဖြစ်မလဲ။

ဘုရားသခင် အမျက်ဒေါသထွက်တယ်လို့ သမ္မာကျမ်းစာက ဖော်ပြတဲ့အခါ ဘာကိုဆိုလိုချင်တာ ဖြစ်မလဲ။

သူ့စကားကို နားမထောင်လို့ အကြမ်းနည်း အသုံးပြုပြီး သန်းချီတဲ့ လူသားတွေကို ရေလွှမ်းမိုးခြင်းဖြင့် တကယ်ပဲ ဘုရားသခင် ဖျက်ဆီးခဲပါသလား။

ဘုရားသခင် အမျက်ထွက်တဲ့အခါ ကလဲ့စားချေချင်တဲ့ သူမျိုးလား။ ဘုရားသခင်က အီဂျစ်ပြည်ကို ဘေးဒဏ် (၁၀)ပါးကျရောက်ဖို့ စေလွှတ်ခဲ့တဲ့ သူလား

ဘုရားသခင် အရမ်းစိတ်ဆိုးလို့ တကယ်ပဲ သူ့လူမျိုးတွေကို သတ်မယ့်မီးမြွေတွေကို စေလွှတ်ခဲ့သလား။

ဒါတွေက တကယ်ပဲ ဘုရားသခင်ရဲ့တရားမျှတမှုဆိုတာလား။

ဒီမေးခွန်းတွေက ကျွန်တော်တို့ရဲ့ခရစ်ယာန် သားသမီးတွေ အသက်ရလာတဲ့အခါ ဖြေဆိုဖို့လိုလာပါလိမ့်မယ်။ သူတို့ ဖြေဆိုဖို့ အသင့်ဖြစ်နိုင်ကြမလား။ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးရအောင်။

